# ကြေးမုံ

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ–၁၇၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့။ Monday, 13 July 2026 ၁၂၃၈


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

# အသိအမြင်၊ အတွေးအခေါ်ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မင်းဘူးမြို့မှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား မင်းဘူးမြို့ သာသနာ့ဗိမာန်တော်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်းဘူးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် မင်းဘူးမြို့သည် ယခင်က မြစ်ကူးတံတားမရှိသဖြင့် သွားလာရေးခက်ခဲခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❄




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။



## မော်လမြိုင်မြို့၌ ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသ

နေပြည်တော် ဇူလိုင် ၁၂

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကုသရေးဦးစီးဌာန၏ အထူးကုဆေးရုံကြီး(ခုတင်–၅၀၀) (ရန်ကုန်)နှင့် ကလေးဆေးရုံကြီး (ရန်ကုန်) တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦးပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန်ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် ၁–၆–၂၀၂၆ ရက်နေ့မှစတင်၍ နိုင်ငံပိုင်သတင်းစာနှင့် ရုပ်သံအစီအစဉ်များမှတစ်ဆင့် အသိပေးဖိတ်ခေါ်လျက်ရှိပါသည်။ စာမျက်နှာ ၆ ကော်လံ ၃ သို့ ❂

## အနီးစခန်းလေဆိပ် ဖွင့်လှစ်ခဲ့သည့်အတွက် ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထား

ရန်ကုန် ဇူလိုင် ၁၂

အနီးစခန်းလေဆိပ် ဖွင့်လှစ်ခဲ့သည့်အတွက် လာမည့်ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံ တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

"အနီးစခန်းလေဆိပ်ကို ဖွင့်လှစ်ပြီးသွားပြီ ဖြစ်တဲ့အတွက် ပြင်ဦးလွင်ဒေသရဲ့ စီးပွားရေးတိုးတက်ပြောင်းလဲမှုကို တွေ့မြင်ရမှာပါ။ ပြင်ဦးလွင်မှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်အပါအဝင် ပွင့်လင်းရာသီမှာ ခရီးသွားတွေ များတယ်။ ရုံးပိတ်ရက်တွေရှိရင် ခရီးသွားမပြတ်ပါဘူး။ ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်နေကြပါပြီ။ ကော်ဖီဆိုင်နဲ့ ဒေသအစားအစာတွေက နိုင်ငံခြားခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်ခုပါပဲ။ လေကြောင်းခရီးစဉ်နဲ့ပါ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖


ယနေ့ ဖတ်စရာ

သောင်ရင်းမြစ်၊ သံလွင်မြစ်၊ ဘီးလင်းမြစ်၊ စစ်တောင်းမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင် စာမျက်နှာ » ၂

၂၁ ရာစု အဆင့်မြင့်ပညာကဏ္ဍနှင့် မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် ဆောင်းပါး စာမျက်နှာ » ၁၀



## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၁–၇–၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံ တွက်ထုတ်ထားသည့် ၁၃–၇–၂၀၂၆ ရက်နေ့မှ ၁၆–၇–၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။



# ရာသီဥတုပြောင်းလဲဖောက်ပြန်မှု သဘာဝဘေးအန္တရာယ်သတိပြု

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များသည် လက်ရှိ၌ အင်အားအသင့်အတင့်ရှိသော အယ်လ်နီညို အခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်လ်များခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေနိုင်ပြီး ၂၀၂၆ ခုနှစ် အကုန်ပိုင်းတွင် အားအလွန်ကောင်းသော စူပါအယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်နေသည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုများမှာ ကမ္ဘာတစ်ဝန်းတွင် ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်လာမှု မမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ အယ်လ်နီညိုဖြစ်စဉ်သည် လက်ရှိကာလ အင်အားအသင့်အတင့်ရှိနေချိန်တွင် ကမ္ဘာ့အရှေ့ခြမ်း၌ မိုးရွာသွန်းမှု မမှန်ခြင်းဖြစ်စဉ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားစေခြင်း စသည့် ဖြစ်စဉ်များ ဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်နေပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်များ၌ ရေကြီးရေလျှံမှုများဖြစ်ပွားနေသည်။ မိုးသည်းထန်စွာရွာသွန်းမှုများ ယခုရက်သတ္တပတ်အတွင်း ပိုမိုဖြစ်ပေါ်နေပြီး လာမည့်ရက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးကြီးနိုင်သည်ဟုမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ ကမ္ဘာ့အနောက်ခြမ်း ဥရောပနိုင်ငံများတွင် အပူချိန်မြင့်မားမှုကြောင့် အပူဒဏ်အန္တရာယ်ကို ပြည်သူများခံစားကြရပြီး အချို့ပြည်သူများ အသက်သေဆုံးမှုအထိ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့အရှေ့ခြမ်း အချို့နိုင်ငံများတွင် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။

ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်း တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇူလိုင်လ ၁၂ ရက်နေ့ နံနက်မှ ဇူလိုင်လ ၁၈ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု သတင်းထုတ်ပြန်ထားသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အမြင့် ကိုးပေမှ ၁၂ ပေခန့်အထိရှိနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးသတိပြုရမည်မှာ လက်ရှိအခြေအနေတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်နှင့် ရာသီဥတုမှုမမှန်မှုကြောင့် မိုးရာသီကာလတွင် ရေကြီးရေလျှံမှုကဲ့သို့ သဘာဝဘေးဖြစ်စဉ်များနှင့် မိုးရာသီကုန်ဆုံးသည့်အခါတွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ်ကြောင့် အအေးလွန်ကဲခြင်းမဖြစ်ခဲ့လျှင် အပူလွန်ကဲမှုကို အထူးသတိပြု၍ ကြိုတင်ကာကွယ်ဆောင်ရွက်ထားရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသော အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၂၆ ခုနှစ်ကုန်ပြီးနောက် ၂၀၂၇ ခုနှစ်ကာလအထိ ကြီးကြီးမားမား သက်ရောက်မှုရှိမည်ဟု မိုးလေဝသဌာနများက ခန့်မှန်းထားသဖြင့် ရေကြီးရေလျှံမှုနှင့် အပူဒဏ်ကာကွယ်ရေးကို ရေရှည်အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အယ်လ်နီညိုဖြစ်စဉ်အပါအဝင် ယခုကာလတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်နှင့် အနိမ့်ပိုင်းဒေသများတွင်နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုသဘာဝဘေးအန္တရာယ်များကို သတိပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် ရုတ်တရက်ရေကြီးခြင်းအန္တရာယ် ဖြစ်နိုင်ခြေရှိသောဒေသများ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ – ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ – ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှ လည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၆ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ညောင်ဦးမြို့နယ်၌ အသင်းသားများစိုက်ပျိုးထားသည့် မြေပဲစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ သက်တံ့ရောင်စီမံကိန်းဖြင့် သမဝါယမအသင်းများ စိုက်ပျိုးထားရှိသည့် မိုးမြေပဲစိုက်ခင်းများအား တာဝန်ရှိသူများက ယနေ့တွင် ကူရွာကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးဝေနှင့် တာဝန်ရှိသူများက ကူရွာစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသား ၂၁ ဦးပိုင်ဆိုင်သည့် မြေပဲစိုက်ဧက ၁၈၉ ဧကအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ညောင်ဦးမြို့နယ်အနေဖြင့် သမဝါယမအသင်း ငါးသင်းမှ အသင်းသား ၉၅ ဦးပိုင်ဆိုင်သည့် မြေပဲစိုက်ဧက ၂၇၄ ဧကအတွက် သက်တံ့ရောင်စီမံကိန်းက သွင်းအားစု တန်ဖိုးငွေကျပ် ၈၂ သိန်း ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## သောင်ရင်းမြစ်၊ သံလွင်မြစ်၊ ဘီးလင်းမြစ်၊ စစ်တောင်းမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၂

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ**

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ**

ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့၊ ဘားအံမြို့၊ ဘီးလင်းမြို့၊ မဒေါက်မြို့နှင့် ဟုမ္မလင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၁၂ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့မှ ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

❄ ရှေ့ဖုံးမှ

ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် မကွေးမြို့နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကာ ဖွံ့ဖြိုးတိုးတက်သည့် မြို့တစ်မြို့ဖြစ်လာခဲ့ကြောင်း၊ မင်းဘူးမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် နောင်တော်မြို့ တစ်မြို့ကဲ့သို့ဖြစ်နေပြီး နီးစပ်ရာမြို့များအနေဖြင့် မင်းဘူးမြို့ကို အားကိုးနေရကြောင်း၊ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် ခရိုင်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မင်းဘူးမြို့သည် ပညာရေးအားကောင်းသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်လည်း နိုင်ငံတော်အဆင့် အောင်မြင်မှုရရှိသူများ အများအပြားထွက်ပေါ်ခဲ့ကြောင်း၊ ပညာရေးတွင် “အစကောင်းမှ အနှောင်းသေချာမည်” ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အခြေခံမှစ၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာရေးကိုအားပေးမြှင့်တင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေး အားနည်းမှုများကြောင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ နိမ့်ကျစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာနစ်နာစေနိုင်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ဗဟုသုတနှင့်ရသများကို ရရှိစေနိုင်မည်ဖြစ်ပြီး အသိအမြင်နှင့်စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများလည်း မြင့်မားလာစေမည် ဖြစ်ကြောင်း၊ အတန်းပညာအားဖြင့် အားနည်းရုံသာမက စာဖတ်ခြင်းသည်လည်း အားနည်းမည်ဆိုပါက ဘဝ ရှင်သန်ရပ်တည်မှုတွင် ခက်ခဲစွာ ရုန်းကန်နေရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ အစိုးရအနေဖြင့် ကျောင်းပညာရေးအား အဓိကပံ့ပိုးအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကိုလည်း အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွင် လူငယ်လူရွယ် အများအပြား လက်နက်ကိုင်အကြမ်းဖက်သည့် လမ်းစဉ်သို့ ရောက်ရှိ ခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရကြောင်း၊ ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ဆွဲဆောင်စည်းရုံးခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းတို့ကို အကောင်းအဆိုး၊ အကြောင်းအကျိုး စဉ်းစားဆင်ခြင်နိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်း အားနည်းမှုများကြောင့်ပင်ဖြစ်ကြောင်း၊ အဓိကမှာ အတန်းပညာပိုင်းဆိုင်ရာ အားနည်းမှုနှင့် စာပေအသိအမြင်ပိုင်းဆိုင်ရာ အားနည်းမှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းဆိုင်ရာများကို သင်ခန်းစာယူ၍ ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ပြီး ပညာရေးမြှင့်တင်မှုကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်မြို့ပြတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး တို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့တွင် မိမိအနေဖြင့် သွားရောက် အမှာစကားပြောကြားခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဝါကိုများစွာ စိုက်ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ဝါဂွမ်း၊ ချည်နှင့် ချည်ထည်များ အဖြစ် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဝါစေ့မှ ဝါစေ့ဆီကိုထုတ်လုပ်ပြီး တိရစ္ဆာန် အစာများအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း နေထိုင်သူများက ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ အလိုက် အမြဲမပြတ်လေ့လာနေကြရန်လိုကြောင်း၊ ဒေသတွင်းရှိ လူအများစု ပညာတတ်များဖြစ်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ကြောင်း။

မြို့ပြ တည်ဆောက်ရေးနှင့် ပတ်သက်၍ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်း နေထိုင်သူများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသတွင်းပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံထူးချွန်သည့် ကလေးငယ်များဖြစ်စေရေး၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ မြှင့်တင်ရေး အတွက်လည်း ရပ်မိရပ်ဖများအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မင်းဘူးမြို့မှ ဒေသခံပြည်သူများ အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖ တစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တက်ရောက်လာကြသည့် မင်းဘူးမြို့ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီး အနေဖြင့်မင်းဘူးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်များကို ဒေသခံများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ မင်းဘူးမြို့ ကမ်းနားလမ်းတစ်လျှောက် မြေနိမ့်ပိုင်းများ၌ ဧရာဝတီမြစ်ရေတက်ချိန်တွင် မြစ်ရေဝင်ရောက်မှု မရှိစေရေးအတွက် ရေထိန်းတာပေါင်နံရံ ဆောင်ရွက်ပေးစေလိုမှုနှင့် ကမ်းနားလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာရှိ တိုက်နယ်ဆေးရုံ (၁၆) ခုတင်ဆံ့အားအဆောက်အအုံသစ် ခွင့်ပြုပေးစေလိုမှု၊ စကုမြို့အခြေခံပညာ အထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်းသို့ ရပ်ဝေးမှ လာရောက် တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများ အတွက် အဆောင်ခွင့်ပြုပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ဒေသအတွက် လိုအပ်လျက်ရှိသည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လိုမှု၊ ကျောက်တန်းကျေးရွာရှိ စည်ပင်သာယာရေး အဖွဲ့၊ ရေပေးဝေခြင်းလုပ်ငန်းအား လျှပ်စစ်ဓာတ်အား အသုံးပြုခြင်း အစား ဆိုလာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးစေလိုမှု၊ မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက်ရှိ သနပ်ခါးတော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပြန်လည်လမ်းညွှန် မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရာသီဥတုပူပြင်းလာမှုကို မိမိတို့အနေဖြင့် ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း သစ်ပင်သစ်တောများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် မြို့ရွာများတွင်နေထိုင်ကြသူများ ရာသီဥတုဒဏ်ခံနိုင်ခြင်းနှင့် အေးမြသည့်အရိပ်အာဝါသကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ယခင်က သစ်ပင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့အနေဖြင့် အရိပ်အာဝါသကို ခံစားနေကြရခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၄ သို့** ❄



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

- **ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ**
- **ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်**
- **မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်**

❈ စာမျက်နှာ ၃ မှ

ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နောင်အနာဂတ်လူငယ်များအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို မပြတ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှသာလျှင် ပို့ကုန်များတိုးမြှင့်ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးရှိစွာ ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ဒေသနှင့်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ မင်းဘူးဒေသတွင်လည်း နှမ်းစိုက်ပျိုးကြကြောင်း၊ နှမ်းတစ်ဧကလျှင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်တင်း ၂၀ ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်း ကောင်းမွန်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်မြင့်မားလာပြီး လူနေမှုအဆင့်များ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နည်းပညာတက္ကသိုလ်(မကွေး) အစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ထို့ကြောင့် ဒေသ၏စီးပွားရေး အားကောင်းမွန်မှု ရှိစေရေး ကြိုးပမ်း အားထုတ်သွားကြရန် လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် အဓိက ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်ဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အတွေးအခေါ် မှားနေသူများကိုလည်း ပြင်ပေးကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာများနှင့် ကိုက်ညီသည့် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံကို ကောင်းအောင်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထိုအပေါ်တွင် သဘောထားကွဲလွဲနေသူများကိုလည်း နားလည်အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ သဘောထား ကွဲလွဲမှုများသည် ပညာရေးအားနည်းချက်များ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဟူသည့်အတိုင်း အသိအမြင်၊ အတွေးအခေါ်ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မင်းဘူးခရိုင် အားကစားကွင်း**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါ၍ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မကွေးတက္ကသိုလ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တက္ကသိုလ်ရှိ ဘက်စုံခန်းမ၊ သိပ္ပံသုတေသနစင်တာနှင့် စာကြည့်တိုက်တို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ် ပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**နည်းပညာတက္ကသိုလ်(မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကန်ပြားကျေးရွာအုပ်စုရှိ နည်းပညာတက္ကသိုလ် (မကွေး) သို့ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အစည်းအဝေးခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ် သမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ စာကြည့်တိုက်နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် တက္ကသိုလ်ပိုင်မြေ လိုအပ်လျက်ရှိမှုနှင့် သင်ကြားရေးဆိုင်ရာ အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

PPIB News


**❑ နေရာအနှံ့အပြားမှ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။




**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၁၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၇-၇-၂၀၂၆ ရက်နေ့မှ ၁၈ - ၇ - ၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။**

❖ အနီးစခန်းမှ

လာရောက်နိုင်တဲ့အတွက် မြို့ရဲ့ ခရီးသွားကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေ တိုးတက်ပြောင်းလဲလာမယ့်အပေါ် အားလုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုနေကြပါတယ်”ဟု ပြင်ဦးလွင်မြို့ ဒီဇင်ဘာပန်းခြံ တာဝန်ခံ ဒေါ်လှလှက ပြောသည်။

လာမည့် ပွင့်လင်းရာသီတွင် ခရီးသွားများ ပိုမိုလာရောက်နိုင်သည့်အတွက် နေရာအလိုက် ပိုမိုစည်ကားလှပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ ပန်းခြံမှာ ပန်းမျိုးစိတ်ပေါင်း ၃၀ ကျော် စိုက်ပျိုးထားပြီး ပွင့်လင်းခရီးသွားရာသီအတွက် အဘက်ဘက်က ပြင်ဆင်မှုတွေ ဆောင်ရွက်နေတယ်။ ပန်းခင်းတွေ၊ လူငယ်တွေ ဓာတ်ပုံရိုက်လို့ရတဲ့ နေရာတွေတိုးချဲ့ပြီး လုပ်ဆောင်နေပါတယ်။ ခရီးသွားတွေက ရောင်စုံပန်းခင်းနဲ့ ရေတံခွန်ကို ပိုပြီးနှစ်ခြိုက်ကြတယ်၊ လာရောက်လည်ပတ်တဲ့သူ ၁၀ ဦးမှာ ကိုးဦးက အဲဒီနေရာကို လည်ပတ်တာများပါတယ်”ဟုပြင်ဦးလွင်ရေတံခွန်ပန်းခြံတာဝန်ခံ ဒေါ်ရွှေရည်ထွန်းက ပြောသည်။



ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံနှင့် ရေတံခွန်ပန်းခြံအလှကိုတွေ့ရစဉ်။

ပြင်ဦးလွင်မြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်ချစ်ဘုရား၊ နှီးဘုရား၊ ပိတ်ချင်းမြှောင်၊ တရုတ်ဘုံကျောင်း၊ ကန်တော်ကြီး၊ ပွဲကောက်ရေတံခွန်၊ အနီးစခန်းရေတံခွန်၊ ဒီးဒုတ်ရေတံခွန်၊ ဒီဇင်ဘာခြံ၊ နှင်းဆီခြံ၊ ပြင်ဦးလွင်ပန်းဈေး၊ ဂျပန်ရွာ၊ တိုင်းရင်းသားကျေးရွာ၊ ပြင်ဦးလွင်ဈေး၊ သုမင်္ဂလာဈေးဝယ်စင်တာ၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်ပန်းဥယျာဉ်များကို ခရီးသွားများ အများဆုံးလည်ပတ်လေ့ရှိပြီး ခရီးသွားများ အကြိုက်အပန်းဖြေလည်ပတ်စရာနေရာများစွာရှိသည့်အတွက် တောင်ပေါ်အပန်းဖြေမြို့ဟု ခရီးသွားများအကြား ထင်ရှားသည်။ထို့ပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် နှစ်စဉ်ကျင်းပလေ့ရှိသည့် ပြင်ဦးလွင်ပန်းပွဲတော်ကို အထူးစိတ်ဝင်စားကြပြီး ပန်းပွဲတော်ကျင်းပချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုများကြောင်း သိရသည်။

**ညိမ်းသူ - သတင်းစဉ်၊ ဓာတ်ပုံ - ကနူး၊**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့၌ ကျင်းပပြုလုပ်သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

# ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက်တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်းထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့၌ ကျင်းပပြုလုပ်သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၂**

ပြည်တွင်း ဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူ အစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူ အစုအဖွဲ့တို့မှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ဝါလုပ်ငန်းနှင့် ပတ်သက်၍ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့” ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်၍ အတွေ့အကြုံများကို ဖလှယ်သွားကြမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါစိုက်ပျိုးမှု၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်မျှင်ကို ထုတ်လုပ်ကြခြင်း ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ဆောင်ရွက်ချိန်တွင် ဝါစိုက်တောင်သူများ မပါဝင်သဖြင့် ယခုကဲ့သို့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါစိုက်ပျိုးမှုများပြားသည့်အတွက် မကွေးမြို့တွင် ကျင်းပပြုလုပ်ရန်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး ဆန်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကာ အခြားသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် လိုအပ်ချက်ဖြစ်နေသည့် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ရေမြေအနေအထားအရ စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်သည့် နိုင်ငံများရှိသကဲ့သို့ မဆောင်ရွက်နိုင်သည့် နိုင်ငံများလည်းရှိကြကြောင်း၊ စက်မှု နည်းပညာပိုင်းဆိုင်ရာများကို အဓိကဆောင်ရွက်ကြသည့် နိုင်ငံများလည်း ရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် သီးနှံများနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ယခင်က စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries ကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး စက်ရုံများ လည်ပတ်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ၏ အသားတင် ထုတ်လုပ်မှုတန်ဖိုး မြင့်တက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုစံနှုန်းကို GDP ဖြင့် တိုင်းတာကြပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှု ကဏ္ဍကြီးဟူ၍ ရှိကြောင်း၊ ကဏ္ဍကြီးသုံးခုအနေဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး အားလုံးတိုးတက်မှသာလျှင် GDP သည်လည်း တိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

ထိုအထဲတွင် ဝါစိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်းသည်လည်း အရေးကြီးသည့် ကဏ္ဍမှ ပါဝင်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ၈ သိန်းကျော်ခန့် ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄ သိန်းခန့်သာရှိခဲ့ကြောင်း၊ နှစ်အလိုက် ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများ လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လူတို့၏ ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ် ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည် ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခင်က ချည်မျှင်ရှည်ဝါ ထွက်ရှိသည်ဟု ဆိုသော်လည်း အဆင့်မီရန် လိုအပ်နေဆဲဖြစ်သဖြင့် ပြည်ပနိုင်ငံများမှ အဆင့်မီဝါမျိုးများကို တင်သွင်းစိုက်ပျိုးခဲ့ကြရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်မှ ချည်အရည်အသွေးကောင်းမွန်မည်ဖြစ်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအချက်လေးချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ၄ ရပ်နှင့် ပြည့်စုံရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် မျိုးများရရှိအောင် ဆောင်ရွက်ရမည်၊ မြေကောင်းမွန်မှုရှိစေရေး စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် အမြဲသုတေသနပြု စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေနှင့် အောင်ရေများကို နေရောင်ခြည်စွမ်းအင်သုံးမြစ်ရေတင် စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားများ ရှားပါးလာခြင်းကြောင့် မျိုးစေ့ချကိရိယာ Feed Seeder များဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ စိုက်နည်းစနစ်များ ကောင်းမွန်လာမည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် ပင်ကြား၊ တန်းကြား မှန်ကန်စွာစိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် ဝါစိုက်ပျိုးမှုများအား အားပေးဆောင်ရွက်ခဲ့ပြီး ဝါစိုက်ပျိုးမှုတွင် တစ်နိုင်ငံလုံးပျမ်းမျှအထွက်နှုန်း အနေဖြင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၉ သိန်းကျော်၌ တစ်ဧကအထွက်နှုန်း ၄၃၆ ပိဿာရှိကြောင်း၊ ၂၀၂၅ - ၂၀၂၆ ခုနှစ်စိုက်ပျိုးရာသီတွင် ဝါစိုက်ပျိုးဧက ၅ ဒသမ ၄ သိန်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၄၉၉ ဒသမ ၂ ရှိကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝါထွက်ရှိမှုမှာ ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဝါလိုအပ်ချက်နှင့် နှိုင်းယှဉ် တွက်ချက်ကြည့်မည်ဆိုပါက များစွာပိုလျှံထွက်ရှိသည်ကို တွေ့ရကြောင်း။

လက်ရှိ ကမ္ဘာတွင်ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပိဿာ ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့်ဝါဂွမ်းများ ရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် **စာမျက်နှာ ၆ သို့** ❖

☆ **မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်**

☆ **ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိစေနိုင်မည်**

☆ **ဝါစိုက်ပျိုးမှုကိုအခြေခံ၍** Agro-based Industries **အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ်အကျိုးရှိသည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလို**

❖ စာမျက်နှာ ၅ မှ

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့်သူများ အနေဖြင့်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်စေမည့် လက်တွေ့ကျသည့် ဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုး ထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက်များစွာ အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ် အကျိုးရှိသည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ဝါနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်ဆွေးနွေး ဆောင်ရွက်သွားကြရန် လိုပြီး ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် တာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတို့အနေဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဝါစိုက်ပျိုးတောင်သူများနှင့် တာဝန်ရှိသူများကလည်း တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်း ထွက်ရှိစေရေးကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး မေးမြန်းဆွေးနွေးပြောကြားသည်။

**ဒေသသုတေသနဗဟိုဌာန (မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန (မကွေး)သို့ ရောက်ရှိပြီး ဌာနမှ ထုတ်လုပ်ထားရှိသည့် စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ ဝါ၊ နှမ်း၊ နေကြာ မျိုးစေ့များနှင့် နည်းပညာမြင့် Organic မြေသြဇာနှင့် သဘာဝပိုးသတ်ဆေးရည် စမ်းသပ်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ Nano Technology For Seed Treatment အခန်းအတွင်း အရည်အသွေးပြည့်မီသည့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် Cold Plasma စက်များ၊ UV စက်၊ သီးနှံအခြောက်ခံ စက်များဖြင့် သုတေသနပြု စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစေ့များ ထုတ်လုပ်နိုင်ရေးကိုသာမက နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့်သီးနှံများဖြစ်စေရေး တို့ကိုပါ သုတေသနပြုစိုက်ပျိုးထုတ်လုပ်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသော နိုင်ငံတကာ ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကိုလည်း တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး စမ်းသပ်သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသသုတေသနဗဟိုဌာန (မကွေး)ရှိ သုတေသန စိုက်ကွက်များအတွင်း သီးနှံများ သုတေသနပြု စိုက်ပျိုးထားရှိမှုနှင့် သုတေသနခြံမှ စမ်းသပ် စိုက်ပျိုးထုတ်လုပ်ထားသည့် ပဲတီစိမ်း၊ နှမ်းနှင့် မြေပဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒေသသုတေသနဗဟိုဌာန (မကွေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။

PPIB News

**❍ မော်လမြိုင်မှ**

အဆိုပါအစီအစဉ်တွင် ဆေးပညာဆိုင်ရာလူနာ ၅၇၃ ဦး၊ ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဆိုင်ရာလူနာ ၁၇၆ ဦး၊ နှလုံးရောဂါဆိုင်ရာလူနာ ၂၀၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ လူနာ ၉၄ ဦး၊ ရင်ခေါင်းရောဂါဆိုင်ရာလူနာ ၄၇ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ ၃၄၇ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ လူနာ ၂၀၁ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ ၆၈ဦး၊ ကလေးဦးနှောက်နှင့်အာရုံကြောရောဂါဆိုင်ရာ လူနာ ၉၆ ဦး၊ ကလေးကင်ဆာရောဂါဆိုင်ရာလူနာ ၈၀၊ ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လူနာ ၁၁၄ ဦး၊ အရိုးရောဂါဆိုင်ရာလူနာ ၂၆၆ ဦး စုစုပေါင်းဒေသခံပြည်သူ ၂၂၆၅ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်ရိုက်ကူးခြင်း (Echocardiography) ၇၂ ဦး၊ အစာအိမ်နှင့်အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသခြင်း ၁၄ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း ရှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့်စစ်ဆေးခြင်း(CT scan) ၃၃ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၄၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၃၉၀၊ သွေးချိုဓာတ် (Hb A1C) တိုင်းတာခြင်း ၆၆ ဦး၊ H.pylori test ၁၂ ဦး၊ RBS ၂၅၀၊ တယ်လီဖေးရှင်းဓာတ်မှန် (Ultrasound)ဖြင့် ရောဂါရှာဖွေခြင်း ၁၄၆ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၂၈၁ ဦးတို့ကို ဆောင်ရွက်နိုင်သည်။

လာရောက်ပြသသော လူနာများတွင် မော်လမြိုင်မြို့နယ်သာမက မွန်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကုသမှု ဆက်လက်ဆောင်ရွက်ရန် လိုအပ်သောလူနာ ၁၁၁ ဦးကို သက်ဆိုင်ရာ ဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများသို့လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက ခရိုင်/ မြို့နယ်များသို့လည်းကောင်း ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အထူးကုဆေးကုသရေးအစီအစဉ်များကို အခြားမြို့နယ်များတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**✪ နေရောင်ခြည်စွမ်းအင်မှ**

ယခုအခါ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၁၅-၇-၂၀၂၆ ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ ညနေ(၁၆:၄၅)နာရီအထိ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ Horizon Lake View Resort တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ၁၀-၇-၂၀၂၆ ရက်နေ့အထိ တက်ရောက်လိုကြောင်း စာရင်းပေးသွင်းလာသူဦးရေ ၃၀၀ ကျော်ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စာရင်းပေးသွင်းထားခြင်းမရှိသေးသည့် တက်ရောက်လိုသူများအနေဖြင့် အောက်ဖော်ပြပါ QR Code အား Scan ဖတ်၍ စာရင်းပေးသွင်းနိုင်ပါကြောင်း၊ QR Code ဖြင့် စာရင်းပေးသွင်းရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် စာရင်းပေးသွင်းခြင်းအား ၁၄-၇-၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထားဆောင်ရွက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန် ထပ်မံအသိပေး ဖိတ်ခေါ်အပ်ပါသည်။(ယခင် Google Form ဖြင့် စာရင်းပေးသွင်းပြီးသူများ ထပ်မံပြုလုပ်ရန် မလိုအပ်ပါ။)

**ဆက်သွယ်ရန်-** ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (၀၉ ၄၃၀၁၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁) dgdptsc2021@gmail.com

Solar Energy Workshop




ပညာရဲရင့်
ပွဲလယ်တင့်
✤
ပညာရှေ့အိုး
လူမခိုး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ စိန်ပန်းပြာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ စိန်ပန်းပြာပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးရာသီအစတွင် နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပွဲများ ကျင်းပရသည်မှာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေးနှင့် သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများအကြား သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာပြီး သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး နိုင်ငံတော်ကဦးဆောင်ပြီး ယခုကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သစ်တော သစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် နိုင်ငံနှင့်အဝှမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မိုးရာသီ သစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၁၃ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ်အသီးသီး၌လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့ရာ သစ်ပင်စိုက်ပွဲ ၁၁၁ နေရာ၊ အပင်ပေါင်း ၈၀၅၂၀ ကိုပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဇွန်လ ၂၅ ရက်တွင်လည်းနိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး သစ်မျိုး ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲကိုပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဧရိယာအတွင်း မေမြို့ ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)အတွင်း ကျင်းပဆောင်ရွက်ခြင်း ဖြစ်ပြီး မဟော်ဂနီ၊ ချယ်ရီ၊ ဆီသပြေ၊ ပျဉ်းကတိုး၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေ၊ ခါတော်မီသစ်မျိုး ၈ မျိုး၊ အပင်၃၀၀၀ ကိုစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများထုနှင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးပြီးအပင်များ ရှင်သန်အောင်မြင်စေရေးအတွက် သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆောင်ရွက်သွားကြရန်၊ လူနှင့် တိရစ္ဆာန်တို့ ဖျက်ဆီးခြင်းမခံရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိဝန်ထမ်းများကိုမှာကြားလိုကြောင်း၊ သစ်ပင်များသည် သက်ရှိများဖြစ်သည့်အတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ကြီးထွား အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ပြင်ဦးလွင်တွင် နေထိုင်ကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့်အနာဂတ်ကို ရည်ရွယ်ပြီး စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ရှိသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူလူထုက ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်ပေးကြရန် လည်း ထပ်လောင်းမှာကြားလိုကြောင်း။

ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်အပြည့်ဖြင့် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ရန်လိုသကဲ့သို့ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အနေဖြင့်လည်း သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန်လိုအပ်ကြောင်း၊ သစ်တောနယ်မြေအတွင်းသာမက သစ်တောမြေပြင်ပနေရာများ၌ သက်ဆိုင်ရာဌာနများက လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ တည်ထောင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးနယ်မြေများ (Green zone) များ တိုးပွားလာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်ပန်းပြာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေးစဉ်။

❖ **ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

❖ **ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများထုနှင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုး ဆောင်ရွက်နေခြင်းဖြစ်**

**စာမျက်နှာ ၈ သို့** ❍

○ စာမျက်နှာ ၇ မှ

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း နိုင်ငံပိုင်စိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်းစိုက်ပျိုးခြင်း စသည့် စိုက်ခင်းတည်ထောင်ခြင်း အမျိုးမျိုးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထုဖြန့်ပျိုးပင်ပေါင်း ၁၀ သိန်းကျော်ကို အာဆီယံလမ်း၊ အမြန်လမ်းနှင့် ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်/ကျေးရွာချင်းဆက်လမ်း၊ ရထားလမ်းဘေး ဝဲ/ယာ စိုက်ပျိုးခြင်းအတွက် သက်ဆိုင်ရာဌာနများကို ပျိုးပင်ဖြန့်ဝေခြင်း၊ ပြည်သူလူထုစိုက်ပျိုးနိုင်ရန် ဖြန့်ဝေခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရကြောင်း။

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့်(၂)ပေနှင့် အထက်အရွယ်ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အား များစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည်ဖြစ်သည့်အတွက် တစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်စေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်းစိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း **"သစ်ပင်စိုက်လျှင်တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏"** ဆိုသည်နှင့်အညီ မိမိတို့နေထိုင်ရာ ဒေသပတ်ဝန်းကျင်ရှိ ကျေးရွာ၊ မြို့ပြများတွင် စိမ်းလန်းစိုပြည်သာယာလှပစေရေး ဝိုင်းဝန်းကြိုးစားကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်သန်စေရေး အတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြရန်၊ "သစ်တောသစ်ပင်များသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဗဟိုချက်ဖြစ်သည်" ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အမြော်အမြင်ကြီးစွာဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က စိန်ပန်းပြာပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ ထင်းကြိုးဝိုင်း အကွက်အမှတ်(၂)၌ ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီနိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သောသစ်မျိုးများဖြစ်ကြသည့် ချယ်ရီ၊ ခရေ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ရတနာတန်းဝင်သစ်မျိုးများ ဖြစ်သည့် ပျဉ်းကတိုး၊ မဟော်ဂနီနှင့်အမြဲစိမ်းသစ်မျိုးများဖြစ်ကြသည့် ဆီသပြေ၊ ခါတော်မီ စသည့် သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

PPIB News

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ –၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ **ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူ ဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–
(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်ရှိ Yathar Cho Industry Co., Ltd. နှင့် Cho Cho Industry Ltd. တို့၏ အသင့်စားခေါက်ဆွဲခြောက်မျိုးစုံနှင့် ခေါက်ဆွဲခြောက်များ ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် နိုင်ငံတကာဈေးကွက်တွင် ကောင်းစွာ ယှဉ်ပြိုင်နိုင်ရန်အတွက် စံချိန်စံနှုန်းများနှင့်အညီ ထုတ်လုပ်တင်ပို့ရန်၊ ဈေးကွက်ဝင်ရောက်ရန် လိုအပ်သည့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ စုံလင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ Myanmar Ixora Company ၏ ဖိနပ်အမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံ၌ ဖိနပ်အမျိုးမျိုးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဂျပန်နိုင်ငံဈေးကွက် သာမက အခြားနိုင်ငံဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းပစ္စည်းများကို ယခုထက် ပိုမိုအစားထိုးအသုံးပြုရန်နှင့် ပို့ကုန်နှစ်ဆတိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဘီးလင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများထံ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်

မော်လမြိုင် ဇူလိုင် ၁၂

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဘီးလင်းမြို့ သာသနဒ္ဓဇမာန်၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူများအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများ ကြုံတွေ့လာပါက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းသော ဆန်ရိက္ခာ ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ကန်သာယာရပ်ကွက်အနိမ့်ပိုင်းဒေသရှိ ရေကြီးနစ်မြုပ်သည့်နေရာကို ကြည့်ရှုစစ်ဆေးကာ ရေများ ပြန်လည်ကျဆင်းပါက နေအိမ်များသို့ စနစ်တကျပြန်လည်ရွှေ့ပြောင်းရေး၊ ရေကြီးပြီး နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မကွေးမြို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်လှစ်



မကွေး ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ငွေကြေးဝါချမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး သင်တန်းကို ယနေ့နံနက်ပိုင်းက ထိန်ထိန်သာ ဟိုတယ်ခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဝင်းက အမှာစကား ပြောကြားသည်။

သင်တန်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) နှင့် တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ငွေကြေးခဝါချမှုဆိုင်ရာ အကြောင်းအရာများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အကြောင်းအရာများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပို့ချခြင်း၊ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများ လုပ်ငန်းလိုင်စင်လျှောက်ထားမှုများနှင့် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးက မြေစာရင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပို့ချကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ကိုယ်စား ကိုယ်စားလှယ်နှစ်ဦးအား တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ရေတာရှည်မြို့နယ်တွင် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေးကုသခြင်းဆောင်ရွက်

ရေတာရှည် ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ယမန်နေ့ နံနက်ပိုင်းတွင် တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးသည်။

တောင်ငူခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်၊ သူနာပြုဆရာမများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရေတာရှည်မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသရာသို့ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ ရေတာရှည်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အသင်းဝင်များက ဆေးကုသပေးနေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ဆေးကုသသူများကို အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောက်မဲမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးနှင့် အီးအမ်ဘိုကာရှီ မြေဆွေးပုံပြုလုပ်နည်း လက်တွေ့သရုပ်ပြ



ကျောက်မဲ ဇူလိုင် ၁၂

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား အသိပညာပေးခြင်းနှင့် အီးအမ်ဘိုကာရှီ မြေဆွေးပုံ လက်တွေ့ပြုလုပ်ပြသခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွှန့်ရွှေက တက်ရောက်အားပေးချီးမြှင့်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသိန်းထိုက်က စိုက်ပျိုးမြေများ မြေဆီလွှာအရည်အသွေးကျဆင်းလာမှုကို ကာကွယ်နိုင်ရေးအတွက် ဓာတ်မြေဩဇာများကို စနစ်တကျလျှော့ချသုံးစွဲရန်နှင့် သဘာဝမြေဩဇာများ ပြောင်းလဲသုံးစွဲခြင်းဖြင့်ရရှိနိုင်မည့် ရေရှည်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား အီးအမ်ဘိုကာရှီ သဘာဝမြေဆွေးပုံ ပြုလုပ်နည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ အကြိမ်(၂၀)မှ

အိမ်ရှင်ဂျပန်အသင်းအပါအဝင်မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တရုတ်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၃ ရက်မှ ၉ ရက်အထိ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး ကစားသမားများအနေဖြင့် မြန်မာအမျိုးသမီးလိဂ် ကလပ်အသင်းပွဲစဉ်များ ကစားလျက်ရှိသည်။

အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နည်းပြသစ်ဂျပန်နိုင်ငံသား မစ်ဆုအိုကာတို၏ ဒုတိယမြောက်နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် တစ်ကြိမ်သာ ယှဉ်ပြိုင်ဖူးပြီး ၂၀၂၂ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်သော်**

# ၂၁ ရာစု အဆင့်မြင့်ပညာကဏ္ဍနှင့် မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်

**မိမိတို့နိုင်ငံ၌ တက္ကသိုလ်ဝင်ခွင့်လုပ်ငန်းစဉ်တစ်ခုလုံးကို ပညာရေးဝန်ကြီးဌာနကဗဟိုပြု၍ စနစ်တကျ စီမံခန့်ခွဲပေးခြင်းဖြစ်ပြီး အဓိကပင်မဝင်ခွင့်လမ်းကြောင်းမှာ အမျိုးသားအဆင့်တက္ကသိုလ်ဝင်တန်းစာမေးပွဲပင် ဖြစ်ပါသည်။ ယင်းစာမေးပွဲသည် ကျောင်းသားများ၏ ပညာရပ်ဆိုင်ရာ ထူးချွန်မှုအပေါ်မူတည်၍ နိုင်ငံတစ်ဝန်းရှိ သီးခြားဘာသာရပ်အသီးသီးအလိုက် ဝင်ခွင့်အမှတ်ပိုင်းဖြတ်မှုများဖြင့် စနစ်တကျအဆုံးအဖြတ်ပေးခြင်းဖြစ်ပါသည်။**

**ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)**

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ တက္ကသိုလ်ဝင်ခွင့် အခင်းအကျင်းတွင် ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့၏ အခြေခံပညာရလဒ်များ၊ ကိုယ်ပိုင်ထူးချွန်မှုများနှင့် ဝါသနာအလိုက် မိမိတို့တက်ရောက်လိုသော အထူးပြုတက္ကသိုလ်နှင့် ဘာသာရပ်လမ်းကြောင်းများကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်စနစ်ဖြင့် ဉာဏ်ပညာရှိစွာ ဦးစားပေးအစီအစဉ်အလိုက် တိုက်ရိုက်ရွေးချယ်လျှောက်ထားနိုင်သည့် လွတ်လပ်သောအခွင့်အရေးကို စနစ်တကျဖန်တီးပေးထားပါသည်။ ပြုပြင်ပြောင်းလဲထားသော စနစ်သစ်ပညာရေး၏ အနှစ်သာရ၊ ဝင်ခွင့်မူဝါဒများနှင့် ဘာသာရပ်အုပ်စုကဏ္ဍကြီးများကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် –

**၁။ တက္ကသိုလ်ဝင်ခွင့်နှင့် ဘာသာရပ်ရွေးချယ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ**

တက္ကသိုလ်ဝင်ခွင့်ရရှိရေးသည် ပြိုင်ဆိုင်မှုအလွန်မြင့်မားလှပြီး အမျိုးသားအဆင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရရှိခဲ့သည့် စုစုပေါင်းရမှတ်အပေါ်တွင်သာ အခြေခံဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ဝင်ခွင့်လျှောက်ထားသူများသည် မိမိတို့၏ ရမှတ်အဆင့်အတန်းအလိုက် တန်းစီဇယားစနစ်ဖြင့် ဦးစားပေးသတ်မှတ်ခံရမည်ဖြစ်ပြီး အထူးပြုဘာသာရပ်များ သင်ယူခွင့်ရရှိရန် ဘာသာရပ်အလိုက် သတ်မှတ်ထားသော စံနှုန်းအမှတ်နှင့် အနိမ့်ဆုံးစည်းကမ်းချက်များကို မဖြစ်မနေပြည့်မီရမည် ဖြစ်ပါသည်။

အမျိုးသားအဆင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို စုစုပေါင်းရမှတ် ၆၀၀ ဖြင့် အကဲဖြတ်သတ်မှတ်ထားပြီး ပင်မဘာသာရပ်ကြီး သုံးခုဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထူးပြုဘာသာရပ်များဖြစ်သည့်(ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သို့မဟုတ် (ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ) စိတ်ကြိုက်ရွေးချယ်ခွင့်ဘာသာရပ်တို့ လွှမ်းခြုံပါဝင်သည့် စုစုပေါင်း ခြောက်ဘာသာကို အခြေခံသည်။

ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းကို ၎င်းတို့၏ စုစုပေါင်းရမှတ် သို့မဟုတ် အထူးပြုဘာသာရပ်အလိုက် ရရှိသောရမှတ်များပေါ်တွင် စနစ်တကျ အခြေခံတွက်ချက်တန်းစီခြင်းဖြစ်သည်။ အဆင့်မြင့်ပညာဦးစီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒများအရ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် နိုင်ငံသားဖြစ်မှု၊ ပညာအရည်အချင်း၊ အကျင့်စာရိတ္တနှင့် ကျန်းမာရေးအခြေအနေ စသည့်အခြေခံစံနှုန်းများကို တိကျစွာသတ်မှတ်ထားရှိပါသည်။

ကျောင်းသား ကျောင်းသူများ အနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသည့်အခါ မိမိတို့တက်ရောက်လိုသော အထူးပြုဘာသာရပ်လမ်းကြောင်းများကို ပညာရပ်အလိုက် သီးခြားသတ်မှတ်ထားသော ဦးစားပေးအစီအစဉ်အတိုင်း မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်စွာ ဖော်ပြလျှောက်ထားနိုင်ပါသည်။

**၂။ စစ်မှန်သော ပညာရေးအနှစ်သာရ**

တက္ကသိုလ်၏ စစ်မှန်သော ရည်ရွယ်ချက်မှာ အခြေခံပညာရေးကို ပြီးမြောက်ခဲ့သည့် လူငယ်လူရွယ်များအား ပိုမိုနက်နဲသော အဆင့်မြင့်အတတ်ပညာရပ်များကို ဆည်းပူးခွင့်ပေးရန်၊ အမှားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းရှာဖွေတတ်စေရန်နှင့် တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် ထိပ်တန်းပညာရှင်ကြီးများကို ပြုစုပျိုးထောင် မွေးထုတ်ပေးရန်ဖြစ်ပါသည်။



သမိုင်းကြောင်းအရ ယခင်ခေတ်များတွင် တက္ကသိုလ်နှင့် ကောလိပ်များ၏ ကွာခြားချက်ကို ဘွဲ့ဒီဂရီအပ်နှင်းနိုင်မှု၊ မအပ်နှင်းနိုင်မှု စသည့် အုပ်ချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များဖြင့် ခွဲခြားခဲ့ကြသော်လည်း ယနေ့ခေတ် ပြုပြင်ပြောင်းလဲထားသော ပညာရေးစနစ်သစ်တွင် ပညာရေးဒီဂရီကောလိပ်အသီးသီးကပါ ပညာရေးဝိဇ္ဇာဘွဲ့ B. A (Education)၊ ပညာရေးသိပ္ပံဘွဲ့ B.Sc(Education) စသည့် ဘွဲ့ဒီဂရီများကို စနစ်တကျတိုက်ရိုက်အပ်နှင်းလျက်ရှိနေပြီဖြစ်သဖြင့် ပညာရေးအခွင့်အလမ်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှတကျယ်ပြန့်လာခဲ့ပြီ ဖြစ်ပါသည်။

> **❛တက္ကသိုလ်၏ စစ်မှန်သောရည်ရွယ်ချက်မှာ အခြေခံပညာရေးကို ပြီးမြောက်ခဲ့သည့် လူငယ်လူရွယ်များအား ပိုမိုနက်နဲသော အဆင့်မြင့်အတတ်ပညာရပ်များကို ဆည်းပူးခွင့်ပေးရန်၊ အမှားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် စူးစမ်းရှာဖွေတတ်စေရန်နှင့် တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် ထိပ်တန်းပညာရှင်ကြီးများကို ပြုစုပျိုးထောင် မွေးထုတ်ပေးရန်ဖြစ်❜**

**၃။ ဘာသာရပ်ကဏ္ဍအလိုက် တက္ကသိုလ်များနှင့် အဖွဲ့အစည်းများ**

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို ဘာသာရပ်ကဏ္ဍစုံအလိုက် အောက်ပါအတိုင်း စနစ်တကျ အုပ်စုခွဲခြားထားရှိပါသည် –

**(က) ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များအုပ်စု**

ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် ဆေးပညာ၊ သွားဘက်ဆိုင်ရာ၊ ဆေးဝါးနှင့် သူနာပြုပညာရပ်ဆိုင်ရာတက္ကသိုလ်များဖြစ်ကြပြီး ၎င်းတို့တွင် နေပြည်တော်တက္ကသိုလ် (ဆေးပညာမဟာဌာန) ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ် မန္တလေး၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ် မကွေး၊ ဆေးတက္ကသိုလ်တောင်ကြီးနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့ ပါဝင်သည်။ ထို့ပြင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်/ မန္တလေး)၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်/ မန္တလေး)၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်/ မန္တလေး)၊ သူနာပြုတက္ကသိုလ် (ရန်ကုန် / မန္တလေး)၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) နှင့် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တို့ ဖွဲ့စည်းထားရှိပါသည်။

ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိရေးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြိုင်ဆိုင်မှု အလွန်မြင့်မားလှပြီး အမျိုးသားအဆင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်ပြောင်မြောက်သော ရမှတ်များ ရရှိရန်လိုအပ်ပါသည်။ အခြေခံအရည်အချင်း သတ်မှတ်ချက်အရ လျှောက်ထားသူများသည် အခြေခံပညာအထက်တန်း သိပ္ပံဘာသာရပ်တွဲ (STEAMS–1) ကို သင်ယူအောင်မြင်ထားရမည်ဖြစ်ပြီး (၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်များအရ) ဘာသာရပ်ခြောက်ခု စုစုပေါင်း ရမှတ် ၄၅၀ အထက် (၆၀၀ ရမှတ်အနက်) အထူးရရှိထားရန် လိုအပ်ပါသည်။

ဝင်ခွင့်ရွေးချယ်မှုအဆင့်ဆင့်တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက ကျောင်းသားများ၏ အင်္ဂလိပ်စာ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာရပ်ကြီးများ၏ ရမှတ်များအပေါ်မူတည်၍ ကနဦးစိစစ်ရွေးချယ်ပြီး အဆင့်မီသူများကို လူတွေ့နှုတ်ဖြေစာမေးပွဲ ထပ်မံစစ်ဆေးအကဲဖြတ်ပါသည်။

ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု ညီမျှစေရန်အတွက် ဝေးလံခက်ခဲသောဒေသများ၊ လူမှုစီးပွားဖွံ့ဖြိုးမှု အားနည်းသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်နှင့် ဝ) မှ ထူးချွန်ကျောင်းသားများအတွက် အထူးဦးစားပေးဝင်ခွင့်စနစ် (Regional Quota Systems) ကိုလည်း သတ်မှတ်ပေးထားပါသည်။ ယင်းကဲ့သို့ အထူးခံစားခွင့်ဖြင့် ဆေးတက္ကသိုလ်တက်ရောက်ခွင့်ရရှိသော ကျောင်းသားများသည် ဘွဲ့ရရှိပြီးနောက် မိမိတို့၏ သက်ဆိုင်ရာဇာတိဒေသများတွင် နိုင်ငံ့ဝန်ထမ်းဆရာဝန်များအဖြစ် သတ်မှတ်ကာလ ပြည့်မီအောင် မဖြစ်မနေ ပြန်လည်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပညာသင်ယူမှုပျက်ကွက်ပါက သို့မဟုတ် ကတိကဝတ် ဖောက်ဖျက်ပါက ဥပဒေကြောင်းအရ အရေးယူခြင်းနှင့် ငွေကြေးပေးလျော်ခြင်းဟူသော ကတိခံဝန်ချက်စာချုပ်ကို လက်မှတ်ရေးထိုးရမည့် စည်းကမ်းချက်များပါရှိသည်။

**(ခ) ပိုလီတက္ကနစ်တက္ကသိုလ်များအုပ်စု**

ခေတ်ပြိုင်အဆင့်မြင့်ပညာ ကဏ္ဍတွင် အင်ဂျင်နီယာဘာသာရပ်များနှင့် ကွန်ပျူတာသိပ္ပံပညာရပ်များကို အုပ်ချုပ်ရေးစနစ်တစ်ခုတည်းအောက်၌ စုစည်းပေါင်းစပ်ထားသည့် စံပြတက္ကသိုလ်အဖြစ် နေပြည်တော်ပိုလီတက္ကနစ်တက္ကသိုလ် (Naypyitaw State Polytechnic University – NSPU) ကို စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားရှိပါသည်။

ပိုလီတက္ကနစ်တက္ကသိုလ်များ၏ ဝင်ခွင့်လုပ်ငန်းစဉ်သည် အမျိုးသားအဆင့် တက္ကသိုလ်ဝင်ခွင့် ရမှတ်အဆင့်သတ်မှတ်ချက်အဆင့်ဆင့်အပေါ်တွင် တိကျစွာအခြေခံထားပြီး ရမှတ်အဆင့်အတန်းလျာထားချက်များမှာ များသောအားဖြင့် အရည်အသွေးမြင့်မားသော စံနှုန်းအမှတ်များ ဖြစ်ကြပါသည်။ ဤတက္ကသိုလ်၏ ထူးခြားချက်မှာ ရွေးချယ်လိုက်သော ဘာသာရပ်လမ်းကြောင်းပေါ်မူတည်၍ သင်ယူရမည့် ပညာသင်နှစ်ကာလ ကွာခြားမှုရှိခြင်းဖြစ်ပြီး အင်ဂျင်နီယာ (Engineering Tracks) အထူးပြုဘာသာရပ်များအတွက် ငါးနှစ်ကြာမြင့်မည်ဖြစ်ကာ ကွန်ပျူတာသိပ္ပံနှင့် သတင်းအချက်အလက်နည်းပညာ ဘာသာရပ်များအတွက်မူ လေးနှစ်ကြာ မြင့်မားစွာသင်ယူကြရမည်ဖြစ်ပါသည်။

**(ဂ) နည်းပညာနှင့် အင်ဂျင်နီယာတက္ကသိုလ်များအုပ်စု**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာများကို အထူးပြုသင်ကြားသော တက္ကသိုလ်များဖြစ်ပြီး ဗဟိုထိပ်တန်းကျောင်းကြီးများအဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) နှင့် မန္တလေးနည်းပညာတက္ကသိုလ် (MTU) တို့ ပါဝင်ဖွဲ့စည်းထားရှိပါသည်။

နည်းပညာတက္ကသိုလ်များသို့ ဝင်ခွင့်ရွေးချယ်ရာတွင် ကျောင်းသားများ၏ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒနှင့် ရူပဗေဒဟူသော ပင်မဘာသာရပ်ကြီးလေးခု၏ ရမှတ်များကို အဓိကထား၍ အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါပင်မဘာသာရပ်များမှ တွက်ချက်ထားသည့် အနိမ့်ဆုံးလိုအပ်ချက် အမှတ်စံနှုန်းပြည့်မီမှသာ ဝင်ခွင့်လျှောက်ထားနိုင်မည်ဖြစ်ပြီး ရန်ကုန်နည်းပညာတက္ကသိုလ် (YTU) ကဲ့သို့သော ထိပ်တန်းတက္ကသိုလ်ကြီးများ၏ မြို့ပြအင်ဂျင်နီယာ (Civil) သို့မဟုတ် ကွန်ပျူတာအင်ဂျင်နီယာ (Computer Engineering) ကဲ့သို့သော အထူးပြုဘာသာရပ်များအတွက်မူ အလွန်မြင့်မားသောရမှတ်များရရှိထားရန် လိုအပ်ပါသည်။

စနစ်သစ်အရ အင်ဂျင်နီယာဘွဲ့ကြို အစီအစဉ်များ၏ ပညာသင်နှစ်ကာလမှာ ငါးနှစ်ကြာ မြင့်မားစွာ ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ပါသည်။ ထို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တည်ရှိသော နည်းပညာတက္ကသိုလ် (စစ်ကိုင်း၊ ကျောက်ဆည်၊ မကွေး၊ ပုသိမ် ၊ မော်လမြိုင် စသည်) တို့တွင်လည်း ဒေသအလိုက် ဝင်ခွင့်ရမှတ် သတ်မှတ်ချက်များဖြင့် စနစ်တကျ လက်ခံသင်ကြားပေးလျက်ရှိပါသည်။

စာမျက်နှာ ၁၁ သို့ ❖

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မြန်မာ့အလုပ်အကိုင်ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အခွင့်အလမ်းများပြပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာ့အလုပ်အကိုင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ အခွင့်အလမ်းများပြပွဲ (၂၀၂၆ ခုနှစ်) ဖွင့်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်း Recreation Centre ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သင်တန်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားပြီး ပြပွဲကို ဖွင့်လှစ်ပေးကာ ပြခန်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ကျောင်းသင်ခန်းစာမှ လုပ်ငန်းခွင်ဆီသို့ အင်ဂျင်နီယာလူငယ်တစ်ဦး၏ ပထမခြေလှမ်း၊ ဟိုတယ်လောကတွင်အောင်မြင်ရန် လိုအပ်မည့် Core Skills များ၊ အိုင်တီကျောင်းသားဘဝမှ ကမ္ဘာ့စင်မြင့်ထက်ဆီသို့ နှင့် စာသင်ခန်းမှ သက်မွေးဝမ်းကျောင်း အောင်မြင်မှုဆီသို့ Soft Skills ဖြင့် ပေါင်းကူးပေးခြင်းစသည့် ခေါင်းစဉ်လေးခုဖြင့် ဆွေးနွေးပွဲများကျင်းပခဲ့ပြီး ပြခန်းများကို ကျောင်းသား ကျောင်းသူ၊ သင်တန်းသား သင်တန်းသူများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများ၊ ပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်လေ့လာကြကြောင်း သိရသည်။ **သတင်းစဉ်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဟဲဟိုးမြို့ မျိုးအာလူးအအေးခန်းသိုလှောင်ရုံဖွင့်ပွဲ တက်ရောက်

ဟဲဟိုး ဇူလိုင် ၁၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက်ပိုင်းက ကလောခရိုင် ဟဲဟိုးမြို့ H & J Success COMPANY LIMITED ၏ မျိုးအာလူး အအေးခန်းသိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ မျိုးအာလူး အအေးခန်း သိုလှောင်ရုံကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဟဲဟိုးအာလူးအစုအဖွဲ့၏ တန် ၂၀၀၀ ဆံ့ မျိုးအာလူး အအေးခန်းသိုလှောင်ရုံ ဖွင့်လှစ်နိုင်သည့်အတွက် ဒေသအတွင်း အာလူးစိုက်တောင်သူများ၏ မျိုးအာလူးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် အာလူးစိုက်တောင်သူများအား တွေ့ဆုံနှုတ်ဆက်ပြီး မျိုးအာလူးအအေးခန်း သိုလှောင်ရုံနှင့် WORK SHOP တို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြောက်ဥက္ကလာပမြို့နယ်၌ လျှပ်စစ်ကြောင့် မီးလောင်မှုမဖြစ်ပေါ်စေရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံမြို့သစ်(၁၄) ရပ်ကွက်ခွဲ အမှတ်(၆)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ရွှေပေါက်ကံမြို့ လျှပ်စစ်မန်နေဂျာ ဦးအောင်ဇော်မျိုးက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်ကြောင့် မီးလောင်မှု မဖြစ်ပေါ်စေရေး အသိပညာပေး ဟောပြောပြီး ရွှေပေါက်ကံမြို့ လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



**❂ မြန်မာအမျိုးသမီးလိဂ်မှ**

ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရောဝတီအသင်းနှင့် မြဝတီအသင်း၊ ဇူလိုင် ၁၅ ရက်တွင် YUSC ကွင်း၌ ဖွဲကပင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲကျပ်များ ဆက်တိုက်ကစားရသော်လည်း လေးပွဲဆက်အနိုင်ရထားသည့် အား/ကာသိပ္ပံအသင်းသည် ယခုတစ်ပတ်တွင်လည်း လက်ရွေးစင်ကစားသမားအများစု ပါဝင်သည့် သစ္စာအားမာန်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။ နှစ်ပွဲဆက်အနိုင်ရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ဇယားအောက်ဆုံးမှ ရန်ကုန်စီးတီးအသင်းနှင့် ကစားရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရောဝတီအသင်းမှာမူ မြဝတီအသင်းနှင့် တွေ့ဆုံနေသည်။

ပွဲစဉ် ၄ အပြီးတွင် အား/ကာသိပ္ပံအသင်းက လေးပွဲစလုံးအနိုင်ရရှိကာ ရမှတ် ၁၂ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး ရောဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းက ကိုးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ရတနာပုံအသင်းနှင့် Young Lionesses အသင်းတို့က ခြောက်မှတ်စီ၊ သစ္စာအားမာန်အသင်းက လေးမှတ်၊ မြဝတီအသင်းနှင့် ဖွဲကပင်ယူနိုက်တက်အသင်းတို့က သုံးမှတ်စီရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ လေးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ **သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MWL**

❖ စာမျက်နှာ ၁၀ မှ

**(ဃ) ကွန်ပျူတာတက္ကသိုလ်များအုပ်စု**

သတင်းအချက်အလက် နည်းပညာနှင့် ကွန်ပျူတာသိပ္ပံပညာရပ်များကို အထူးပြုမွေးထုတ်ပေးသော အဆင့်မြင့်တက္ကသိုလ်များဖြစ်ကြပြီး ဗဟိုပြုကျောင်းကြီးများအဖြစ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY)၊ မန္တလေးကွန်ပျူတာတက္ကသိုလ် (UCSM) တို့ တည်ရှိပါသည်။ ထို့ပြင် သတင်းအချက်အလက်နည်းပညာရပ်ဆိုင်ရာ လျှောက်ထားလိုသော ကျောင်းသားများအတွက် ရန်ကုန်မြို့ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(University of Information Technology– UIT)သည် နိုင်ငံ၏ စံပြထိပ်တန်းဗဟိုဌာနကြီးတစ်ခုဖြစ်ပါသည်။

နိုင်ငံတစ်ဝန်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ထားသည့် မည်သည့်ကျောင်းသားမဆို UIT သို့လျှောက်ထားနိုင်ပါသည်။ အခြားသော ကွန်ပျူတာ တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားရန်အတွက်လည်း ပုံမှန်အားဖြင့် တက္ကသိုလ်ဝင်တန်း စုစုပေါင်းရမှတ် အဆင့်သတ်မှတ်ချက်တစ်ရပ်ကို ပြည့်မီရမည်ဖြစ်သည့်အပြင် ပင်မအခြေခံဖြစ်သည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် နှစ်ခုပေါင်း ရမှတ်အနိမ့်ဆုံး သတ်မှတ်ချက်စံနှုန်းကို ပြည့်မီထားရမည်ဖြစ်ပါသည်။

ဤတက္ကသိုလ်ကြီးများတွင် တက်ရောက်အောင်မြင်ပါက ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc.) သို့မဟုတ် ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech.) စသည့် ဘွဲ့ဒီဂရီများကို အပ်နှင်းချီးမြှင့်မည်ဖြစ်ပြီး အထူးပြုဘာသာရပ်အလိုက် ပညာသင်နှစ်ကာလမှာ လေးနှစ်မှ ငါးနှစ်အထိ ကြာမြင့်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ (မြစ်ကြီးနား၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ ပြည်၊ ပုသိမ် စသည့်) ကွန်ပျူတာတက္ကသိုလ်များတွင်လည်း စနစ်သစ်ဝင်ခွင့်လမ်းညွှန်ချက်များအတိုင်း လက်ခံဖွင့်လှစ်ပေးလျက်ရှိပါသည်။

**(င) မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် – MIIT**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်ရှိ အဆင့်မြင့် နည်းပညာအထူးပြုတက္ကသိုလ်ကြီးတစ်ခုဖြစ်ပြီး လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင်သိပ္ပံဘာသာတွဲဖြစ်သော STEAMS–1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သို့မဟုတ် ဝိဇ္ဇာ/သိပ္ပံတွဲဖြစ်သော STEAMS–2 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ) ဘာသာရပ်တွဲတစ်ခုခုဖြင့် အောင်မြင်ထားရမည်ဖြစ်ပါသည်။

ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူမည်သူမဆို MIIT သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ စိစစ်ရွေးချယ်ရာတွင် တက္ကသိုလ်မှ ကျင်းပမည့် ကွန်ပျူတာအခြေပြုဝင်ခွင့်စာမေးပွဲ (Computer–Based Exam) ကို ဖြေဆိုရမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ စုစုပေါင်းရမှတ်၏ ၄၀ ရာခိုင်နှုန်းနှင့် ဝင်ခွင့်စာမေးပွဲရမှတ်၏ ၆၀ ရာခိုင်နှုန်းတို့ကို ပေါင်းစပ်တွက်ချက်ကာ အမှတ်အများဆုံး ရရှိသူများကို သတ်မှတ်ဦးရေအလိုက် ရွေးချယ်လက်ခံသင်ကြားပေးပါသည်။

**(စ) ဝိဇ္ဇာ၊ သိပ္ပံ၊ နိုင်ငံခြားဘာသာနှင့် စီးပွားရေး တက္ကသိုလ်များအုပ်စု**

တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ တက္ကသိုလ်ကြီးများသည် ဝိဇ္ဇာပညာရပ်များ၊ အသုံးချသိပ္ပံဘာသာရပ်များ၊ ဘာသာစကားနှင့် စီးပွားရေးပညာရပ်များကို အဓိကသင်ကြားပေးသော ပင်မတက္ကသိုလ်ကြီးများဖြစ်ကြပါသည်။ ယင်းတွင် တက္ကသိုလ်များနှင့် အကယ်ဒမီဖြစ်ကြသည့် နေပြည်တော်တက္ကသိုလ် (Naypyitaw State Academy)၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ပါဝင်သကဲ့သို့ ဘာသာစကားအထူးပြုအတွက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL) တို့ တည်ရှိပါသည်။

ထို့ပြင် စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ စနစ်တကျပါဝင်ဖွဲ့စည်းထားရှိပါသည်။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်သည် ရန်ကုန်တိုင်းဒေသကြီး(ဗိုလ်တထောင်)မြို့နယ်တွင်တည်ရှိပြီး ထိုဒီဂရီကောလိပ်သည်သတင်းစာမှ သီးခြားခေါ်ယူပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

**(ဆ) ပညာရေးတက္ကသိုလ်နှင့် ဆရာအတတ်ပညာကောလိပ်များအုပ်စု**

ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာနှင့် ပညာရေးဗေဒဆိုင်ရာ အဆင့်မြင့် အတတ်ပညာပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်ရာဌာနများ ဖြစ်ကြပါသည်။ ပင်မပညာရေးတက္ကသိုလ်များအဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တည်ရှိပြီး ၎င်းတို့နှင့်အတူ ဆရာလောင်းများအား စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရန်အတွက် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဟားခါး၊ စစ်ကိုင်း၊ မုံရွာ၊ ကသာ၊ ထားဝယ်၊ မြိတ်၊ တောင်ငူ၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ ကျောက်ဖြူ၊ ရန်ကင်း၊ လှည်းကူး၊ သင်္ဃန်းကျွန်း၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ ပုသိမ်၊ မြောင်းမြနှင့် ဘိုကလေး ပညာရေးဒီဂရီကောလိပ်များ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာ တည်ရှိကြပါသည်။ ပညာရေးဒီဂရီကောလိပ်များကို အဆင့်မြှင့်တင်ထားသော ဆရာအတတ်ပညာတက္ကသိုလ်များသို့လည်း တက်ရောက်နိုင်ရန် စီစဉ်ထားရှိပါသည်။ (ဆက်လက်ဖော်ပြပါမည်)

# ရပ်စောက်မြို့နယ်၌ ငွေစုငွေချေး သမဝါယမ အသင်းသားများအား အတိုးအမြတ်ထုတ်ပေး

ရပ်စောက် ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အထက(၁) ကျောက်စိမ်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဂျီအီးစီပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအမြတ်ထုတ်ပေးခြင်းနှင့် Grade-12 ကို ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက ပေးအပ်သည်။

ဦးစွာ ဂျီအီးစီ သမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဒေါ်တင်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်က သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအကြောင်း ပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းများ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ အသင်းစည်းကမ်းပြင်ဆင်သည့် အမှာစာတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူကာ အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၃၁၅ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**




# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ယမန်နေ့က ဆေးရုံအဆောက်အအုံနှင့် ဆေးရုံဝင်းအတွင်း တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။



ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးသည် ၂၀၀၈ ခုနှစ် ဇူလိုင်လက စတင်၍ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပြီး ချင်းပြည်နယ် ဒေသခံများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့နောက် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်နှင့် ဖါရိထောက်ရပ်ကွက်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဒေသခံများ၏ နေအိမ်များကို နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဝိုင်းဝန်းပြင်ဆင်ပေးနေမှုကိုကြည့်ရှုပြီး သွပ်နှင့် သွပ်ရိုက်သံများကို ထောက်ပံ့ပေးအပ်သည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေးအလိုက် ထောက်ပံ့ပေးအပ်မည့် ပစ္စည်းများ မြေပြင်နှင့် ကွဲလွဲမှုမရှိစေရေး၊ ထောက်ပံ့ရေးပစ္စည်းများ အလေအလွင့်မရှိစေရေးနှင့် အမှန်တကယ် ထောက်ပံ့ရန်လိုအပ်သည့် ဒေသခံပြည်သူများ မကျန်ရှိစေရေးတို့ကို စီမံဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်း

မြဝတီ ဇူလိုင် ၁၂

ကရင်ပြည်နယ် မြဝတီမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ဝါးတော)နှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲ (သဲပုံ)တို့ရှိ KG ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်အစားအစာများ ကျွေးမွေးလှူဒါန်းခြင်းကို ယမန်နေ့က အဆိုပါကျောင်းများ၌ ဆောင်ရွက်သည်။



**ကျွေးမွေးလှူဒါန်း**

အခြေခံပညာ အထက်တန်းကျောင်း (ဝါးတော)တွင် KG ကျောင်းသား ကျောင်းသူ ၁၇၅ ဦးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(သဲပုံ)တွင် ကျောင်းသားကျောင်းသူ ၅၁ ဦးတို့အား အာဟာရဖြည့်အစားအစာများ ကျွေးမွေးရာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၏ ကြီးကြပ်မှုဖြင့် ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများက ပူးပေါင်း ဆောင်ရွက်ကြသည်။ အလှူရှင်ဦးစောမြလေး မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားထားသည့် အာဟာရဖြည့်အစားအစာ ထမင်း၊ ကြက်သား၊ ငါးကြော်၊ ကုလားပဲဟင်းချိုဂေါ်ဖီ၊ ကန်စွန်းရွက်ကြော်၊ ပဲသီးကြော်၊ မုန်လာဥ၊ ကန်စွန်းဥပြုတ်တို့ကို ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ စားအုန်းဆီဖြန့်ဖြူးရောင်းချပေးမှု ကွင်းဆင်းစစ်ဆေး

အုတ်တွင်း ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ တောင်ငူခရိုင်စားသုံးသူရေးရာဦးစီးဌာနက ပြည်သူများအား စားအုန်းဆီဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်၍ ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးသည်။



**ကွင်းဆင်းစစ်ဆေး**

အုတ်တွင်းမြို့နယ် အနေဖြင့် တစ်ရက်လျှင် စားအုန်းဆီ ပိဿာချိန်ပေါင်း ၁၉၈၀ ပိဿာ ရောင်းချပေးလျက်ရှိပါကြောင်းနှင့် အဆိုပါဆီများကို ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေးရာ ဈေးနှုန်းကြီးမြှင့်မှု မရှိစေရေး၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိနှင့် သတ်မှတ် ရည်ညွှန်းဈေးအတိုင်း ရောင်းချစေရေးအတွက် တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးအောင်၊ တောင်ငူခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း တောင်ငူခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

❖ ကျောဖုံးမှ

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေး ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)
  ၀၆၇ - ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း
  (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း
  (MESC) - ၁၆၁၆ ၀၂-၄၀၃၉၃၃၀၊
  ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ
  ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊
  ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# မြောင်းမြမြို့၌ တောင်သူများအား သွင်းအားစုပေးအပ်

မြောင်းမြ ဇူလိုင် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ Si Pwar Trading Co., Ltd မှ တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဇူလိုင် ၁၂ရက် မွန်းလွဲပိုင်းက မြရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင် Rice Export Zone အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က Rice Export Zone စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Si Pwar Trading Co., Ltd မှ မန်နေဂျင်း ဒါရိုက်တာ



ဒေါ်နော်ခင်ခင်က Exporter Company အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မို့မို့(ပြန်/ဆက်)**

## တရုတ်နိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ပေကျင်း ဇူလိုင် ၁၂

တရုတ်နိုင်ငံဒေသအများအပြားသို့ တိုင်ဖွန်းမုန်တိုင်း ဘာဗီ ဇူလိုင် ၁၂ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေကြီးရေလျှံမှုနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများအား တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်၏ ကိုးကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ဘာဗီသည် နိုင်ငံအတွင်းပိုင်းသို့ ဝင်ရောက်ခြင်းမပြုမီ တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မုန်တိုင်းကြောင့် အန်ဟူး၊ ကျန်ရှီး၊ ဇီကျန်း၊ လျောင်နင်းနှင့် ကျိလင်ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သိရသည်။ နိုင်ငံအတွင်း ရေကြီးရေလျှံမှုဆိုင်ရာ တတိယအဆင့် သတိပေးချက်ထုတ်ပြန်ထားပြီး ၎င်းတိုင်ဖွန်းမုန်တိုင်း၏ အကျိုးသက်ရောက်မှုကြောင့် မြစ်များနှင့် မြို့ပြဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်နိုင်သဖြင့် ရေအရင်းအမြစ်ဆိုင်ရာ ဝန်ကြီးဌာနက ရေကြီးရေလျှံမှုသတိပေးချက်အဆင့်အား အဝါရောင်အဆင့်သို့ မြှင့်တင်သတ်မှတ်ခဲ့သည်။

နိုင်ငံအတွင်းရှိ ဇီကျန်း၊ တီယန်ကျန်းနှင့် အန်ဟူးပြည်နယ်တို့တွင် ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန်အတွက် သဘာဝဘေးဆိုင်ရာ အကူအညီပေးရေးပစ္စည်းများကို တာဝန်ရှိသူများက ပံ့ပိုးခဲ့သည်။

အဆိုပါပစ္စည်းများတွင် ခေါက်အိပ်ရာများ၊ စောင်များနှင့် မိသားစုအရေးပေါ်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ဗင်နီဇွဲလားနိုင်ငံ၌ ကြီးမားသောငလျင်နှစ်ခုကြောင့် အဆောက်အအုံအများအပြား ပြိုကျခဲ့ပြီး အဆောက်အအုံ ၁၀၀၀၀ ခန့်မှာလည်း အသုံးမပြုနိုင်တော့ကြောင်း ဂျပန်ကျွမ်းကျင်သူများ ပြောကြား



ကာရာကတ်စ် ဇူလိုင် ၁၂

ပြီးခဲ့သည့်လက ဗင်နီဇွဲလားနိုင်ငံ၌ ကြီးမားသောငလျင်နှစ်ခုကြောင့် အဆောက်အအုံအများအပြား ပြိုကျခဲ့ပြီး အဆောက်အအုံ ၁၀၀၀၀ ခန့်မှာလည်း အသုံးမပြုနိုင်တော့ကြောင်း ဂျပန်ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၄၃၃၃ ဦးရှိကြောင်းနှင့် ပျောက်ဆုံးနေသူများကို ရှာဖွေရန်ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ငလျင်သည် အဆောက်အအုံများ၏ တိုင်များကို ပြင်းထန်စွာ လှုပ်ခါစေကာ ဒေါင်လိုက်နီးပါး ပြိုကျစေခဲ့ကြောင်း ဂျပန်ကျွမ်းကျင်သူအဖွဲ့ခေါင်းဆောင် မီယာမိုတို ဟီဒီကီက ပြောကြားခဲ့သည်။

အဆောက်အအုံစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းခန့် သို့မဟုတ် အဆောက်အအုံ ၁၀၀၀၀ ခန့်သည် လုံးဝပျက်စီးခြင်း သို့မဟုတ် ပြင်းထန်စွာပျက်စီးပြီး အသုံးမပြုနိုင်တော့ကြောင်း ခန့်မှန်းထားသည်။ ယင်းကိန်းဂဏန်းသည် ဗင်နီဇွဲလားအစိုးရက နောက်ဆုံးထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းထက် များစွာ ပိုမိုမြင့်မားကြောင်း သိရသည်။

ခန့်မှန်းခြေအားဖြင့် အဆောက်အအုံ ၃၀၀၀၀ မှ ၅၀၀၀၀ အထိသည် ၎င်းတို့၏ဖွဲ့စည်းပုံများတွင် အက်ကွဲကြောင်းများ သို့မဟုတ် အပေါက်များကြောင့် ပြုပြင်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

၂၀၀၈ ခုနှစ် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် လှုပ်ခတ်ခဲ့သော ငလျင်နှင့် ၂၀၂၃ ခုနှစ်တွင် တူကီယဲတောင်ပိုင်းနှင့် အိမ်နီးချင်း ဆီးရီးယားနိုင်ငံတို့၌ လှုပ်ခပ်ခဲ့သော ငလျင်များအပြင် ဗင်နီဇွဲလားနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ငလျင်များသည် လွန်ခဲ့သော နှစ် ၂၀ အတွင်း အဆိုးရွားဆုံးငလျင်များဖြစ်ကြောင်း မီယာမိုတိုက ပြောကြားခဲ့သည်။

ပြန်လည်တည်ဆောက်ရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာ ပျက်စီးမှုအခြေအနေနှင့် အပျက်အစီးပမာဏ အပါအဝင် ပျက်စီးဆုံးရှုံးမှုအပြည့်အဝကို နားလည်ရန် အရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။ ၁၉၉၅ ခုနှစ် ဂျပန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် မဟာဟန်ရှင်-အာဝါဂျီငလျင်မှ အတွေ့အကြုံများကို အသုံးပြု၍ ဂျပန်နိုင်ငံက ပံ့ပိုးကူညီမှုများ ပေးအပ်နိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## အိုမန်ကမ်းရိုးတန်း၌ အိန္ဒိယကုန်သွယ်ရေးသင်္ဘော တိုက်ခိုက်ခံရမှုအပေါ် အိန္ဒိယအစိုးရ ရှုတ်ချ

နယူးဒေလီ ဇူလိုင် ၁၂

အိုမန်ကမ်းရိုးတန်း၌ အိန္ဒိယနိုင်ငံသားများ တင်ဆောင်လာသော “GFS Galaxy” အမည်ရှိ ကုန်သွယ်ရေးသင်္ဘောအား ယနေ့ တိုက်ခိုက်ခံရမှုကို အိန္ဒိယအစိုးရက ရှုတ်ချခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသား ၁၀ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဒေသတွင်း ကုန်သွယ်ရေးသင်္ဘောများနှင့် အရပ်ဘက်အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားခြင်းကို အဆုံးသတ်ရမည်ဖြစ်ပြီး လွတ်လပ်စွာ ရေကြောင်းသွားလာမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ထူထောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုမန်နိုင်ငံရှိ အိန္ဒိယသံရုံးက ကုန်သွယ်ရေးသင်္ဘော တိုက်ခိုက်ခံရမှုအခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အိုမန်အာဏာပိုင်များနှင့် ရေ့ဆောင်ပူးပေါင်းဆောင်ရွက်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဒေသတွင်း ကုန်သွယ်ရေးသင်္ဘောများ တိုက်ခိုက်မှုများအပေါ် အလွန်စိုးရိမ်ဖွယ်ကောင်းကြောင်းကိုလည်း ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



## ဂါဇာဒေသရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရ



ဂါဇာ ဇူလိုင် ၁၂

ဂါဇာဒေသတွင် ဆေးဝါး၊ ဆေးကိရိယာနှင့် လူနာတင်ယာဉ်များ ရှားပါးမှုကြောင့် လူနာထောင်ပေါင်းများစွာအတွက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ပြီးသည့် အချိန်မှစတင်၍ ဆေးကုသရေးအဖွဲ့များ ဒေသတွင်းသို့ လာရောက်ခြင်းမရှိဘဲ ဆေးဝါးနှင့် ကုသရေးကိရိယာများမှာလည်း လုံလောက်စွာမရှိကြောင်းနှင့် ရောဂါစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများမှာလည်း ဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရှိရကြောင်း ဂါဇာဒေသကျန်းမာရေး အဖွဲ့အစည်းမှ တာဝန်ရှိသူ အဗူ အဖတ်က ပြောကြားသည်။ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသည့် လူနာ ၂၄၀၀၀ မှာ လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိဘဲ ယင်းတို့အနက် သွေးတိုးရောဂါခံစားနေရသူ သုံးသိန်းရှိကြောင်း ၎င်းကပြောကြားသည်။

ထို့ပြင် နွေရာသီအပူဒဏ်ကြောင့် ခိုလှုံရေးစခန်းများတွင် ကူးစက်ရောဂါများပျံ့နှံ့နေကြောင်း သိရသည်။

ဒေသတွင်းရှိ လူနာတင်ယာဉ် ၇၀ ရာခိုင်နှုန်းသည် တိုက်ခိုက်ခံရခြင်း၊ စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများနှင့် အပိုပစ္စည်းများ ချို့တဲ့မှုကြောင့် ဝန်ဆောင်မှု အားနည်းနေကြောင်း၊ တာယာများနှင့် အပိုပစ္စည်းများ ဝင်ရောက်မှုကို ပိတ်ပင်ထားခြင်းကြောင့်လည်း လူနာသယ်ယူပို့ဆောင်ရေးစနစ်ကို ရပ်တန့်သွားစေနိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

ဇူလိုင် ၆ ရက်မှ ၁၂ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံခြားဆက်ဆံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ငြိမ်းချမ်းရေး၊ သံတမန်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ အားကစား၊ ခရီးသွား၊ စွမ်းအင်နှင့် မူခင်းစသည့် သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## နိုင်ငံခြားဆက်ဆံရေးကဏ္ဍ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှ ဇူလိုင် ၅ ရက်တွင် ပြန်လည်ရောက်ရှိပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုလေ့လာရန် MoU ရေးထိုးခဲ့ပြီး နေပြည်တော်နှင့် ဗီယင်ကျန်းမြို့တို့ကို Sister City အဖြစ် သတ်မှတ်ရန် သဘောတူညီခဲ့သည်။

## အုပ်ချုပ်ရေးကဏ္ဍ

ဇူလိုင်လ ၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်တည်ငြိမ်ရေး၊ စိုက်ပျိုးမွေးမြူရေးအခြေခံသော ပို့ကုန်မြှင့်တင်ရေး၊ စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းမှုလျှော့ချရေး၊ တရားမဝင်ကုန်သွယ်မှု တားဆီးရေး၊ ပြည်တွင်းစွမ်းအင်(ကျောက်မီးသွေးနှင့် နေရောင်ခြည်) အသုံးပြုရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား လမ်းညွှန်မှာကြားခဲ့သည်။

## ဥပဒေပြုရေးကဏ္ဍ

ပြည်ထောင်စုလွှတ်တော်ကို ဇူလိုင် ၇ ရက်က ကျင်းပရာ အာဆီယံ ထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ထို့ပြင်ဇူလိုင်၈ရက်တွင်ကျင်းပသည့်အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကယားပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၃၂၄၉ သန်းကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နေရပ်စွန့်ခွာသူများအတွက် ငွေကျပ် ၁၈၃၃၆ သန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

## သယ်ယူပို့ဆောင်ရေးကဏ္ဍ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းများအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၉ရက်တွင်ပြုလုပ်ခဲ့သည်။ မိမိတို့အစိုးရတာဝန်ယူစဉ်ကာလအတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မည့် လမ်းမကြီးများကို ရာနှုန်းပြည့် ပြီးစီးအောင်ဆောင်ရွက်ရန် သမ္မတက အလေးအနက် ညွှန်ကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)အနေဖြင့် ခရီးသည်များ သွားလာမှုပိုမိုအဆင်ပြေစေရန် ရန်ကုန်-မုံရွာ ခရီးစဉ်သစ်ကို ဇူလိုင် ၁၆ ရက်မှစ၍ အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့များတွင် ပျံသန်းပြေးဆွဲသွားမည် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးသည့် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းလေဆိပ်သစ် ဖွင့်လှစ်ခြင်းနှင့်အတူ ရန်ကုန်-ဟဲဟိုး-အနီးစခန်း-နေပြည်တော်-ရန်ကုန်နှင့် ရန်ကုန်-တာချီလိတ်-အနီးစခန်း-ရန်ကုန် ခရီးစဉ်များကို လေကြောင်းလိုင်းများက စတင်ပျံသန်းပြေးဆွဲနေပြီ ဖြစ်သည်။

## ပညာရေးကဏ္ဍ

မန္တလေးတောင်ခြေ၌ ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)သည် နိုင်ငံအတွင်း တစ်ခုတည်းသော တိုင်းရင်းဆေးတက္ကသိုလ်ဖြစ်ပြီး ၂၀၂၅ ပညာသင်နှစ်မှစ၍ ပါရဂူဘွဲ့(Ph.D)အထိ တိုးမြှင့်လေ့လာနိုင်ပြီဖြစ်သည်။

ထို့ပြင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို DME Online Service Portal (https://osp.dme.gov.mm) မှတစ်ဆင့် ဇူလိုင် ၁၄ ရက်မှစတင်ကာ ကြိုတင်ရက်ချိန်းရယူ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက အသိပေးထားသည်။

## ငြိမ်းချမ်းရေးကဏ္ဍ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် KNU/KNLA-PC အဖွဲ့တို့ ဇူလိုင် ၆ ရက်တွင် နေပြည်တော်၌တွေ့ဆုံခဲ့ပြီး ဒေသတည်ငြိမ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)တို့ နေပြည်တော်၌ ဇူလိုင် ၉ ရက်တွင် တွေ့ဆုံခဲ့ကြသည်။ နယ်မြေတည်ငြိမ်ရေး၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

## သံတမန်ရေးကဏ္ဍ

ဂျီနီဗာမြို့တွင် ကျင်းပခဲ့သော (၆၂)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးမှ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များပါဝင်သည့် အစီရင်ခံစာနှင့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက ပြတ်သားစွာ ပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

## လုံခြုံရေးကဏ္ဍ

အိန္ဒိယ-မြန်မာ ကုန်စည်စီးဆင်းမှုအတွက် အရေးပါသော တမူး-ကလေး လမ်းကြောင်းမှတစ်ဆင့် ကလေးဝ-မုံရွာသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းကို တပ်မတော်က ဇူလိုင်လ ၇ ရက်နေ့တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သဖြင့် ကုန်စည်ပို့ဆောင်မှုများ ပုံမှန်ပြန်လည်သွားလာနိုင်တော့မည် ဖြစ်သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို ယာယီစစ်စခန်းအဖြစ်အသုံးပြုကာ ဆရာ ဆရာမများကိုခြိမ်းခြောက်နေသည့် PDF အဖွဲ့များကို တပ်မတော်စစ်ကြောင်းများက ဇွန်လ ၂၁ ရက်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ ပွင့်လင်း၊ ဝက္ကပါနှင့် ဆူးတောကျေးရွာတို့ရှိ ကျောင်းများမှ အကြမ်းဖက်စခန်းများကို ခဲယမ်းမီးကျောက်များနှင့်အတူ သိမ်းပိုက်ရရှိခဲ့ပြီး ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဇူလိုင် ၈ ရက်တွင် ဖော်ပြခဲ့သည်။

## ကျန်းမာရေးကဏ္ဍ

ရန်ကုန်မြို့ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ၌ အကြိမ်(၄၀) မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု အောင်မြင်မှုအဖြစ် အသက် ၄၈ နှစ်အရွယ် အမျိုးသားလူနာနှင့် ၂၅ နှစ်အရွယ် အသည်းအလှူရှင် တူမဖြစ်သူတို့ကို ဇူလိုင် ၃ ရက်က အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် ဇူလိုင် ၄ ရက် ညပိုင်းက ဝမ်းဗိုက်နေရာမှဆက်နေသည့် ရင်ချင်းဆက်အမြွှာ မိန်းကလေး နှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။ အဆိုပါ ကလေးငယ်များကို ဇူလိုင် ၈ ရက်တွင် ရန်ကင်းကလေးဆေးရုံကြီးသို့လွှဲပြောင်းကာ အထူးကြပ်မတ်ကုသဌာန၌ ပြုစုစောင့်ရှောက်လျက်ရှိပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း သိရသည်။

## အားကစားကဏ္ဍ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အသက် ၆၃ နှစ်အရွယ် နော်ဝေ လက်ရွေးစင် တိုက်စစ်မှူးဟောင်း အန်ဒါဆန်ကို မြန်မာ့လက်ရွေးစင် အသင်း၏ နည်းပြချုပ်သစ်အဖြစ် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် စာချုပ်ချုပ်ဆို ခန့်အပ်ခဲ့သည်။

## ခရီးသွားကဏ္ဍ

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဦးဆောင်၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် ဗီဇာဖြေလျှော့ပေးရေး၊ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် အာမခံကိစ္စရပ်များကို ဇူလိုင် ၉ ရက်တွင် ဆွေးနွေးခဲ့ကြသည်။

## စွမ်းအင်ကဏ္ဍ

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဇူလိုင် ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

## မှုခင်းကဏ္ဍ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် အုပ်စုဖွဲ့ ခါးပိုက်နှိုက်မှု ၁၁၇ မှုမှ တရားခံ ၉၉ ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး လက်ကိုင်ဖုန်း ၁၄၀ နှင့် ငွေကျပ် ၆၅ သိန်းကျော်ကို သိမ်းဆည်းရမိကြောင်း ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

# ရေးမြို့နယ်၌ သဘာဝဘေးအန္တရာယ် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး ကြိုတင်စုဖွဲ့ ဇာတ်တိုက်လေ့ကျင့်

ရေး ဇူလိုင် ၁၂

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (လူ၊ ပစ္စည်း၊ ယန္တရား)ကြိုတင်စုဖွဲ့ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ခြင်းကို ရေးမြို့နယ်တပ်နယ်မှူးဗိုလ်မှူးကြီး ဇာနည်မင်းထက်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ (ခေတ္တ)ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် တာဝန်ရှိသူများက မြို့နယ်ကြက်ခြေနီ အသင်းအဖွဲ့နှင့် ရပ်ကွက်အလိုက် ပရဟိတ လူမှုကူညီရေးအသင်း အဖွဲ့ဝင်များ၏(လူ၊ ပစ္စည်း၊ ယန္တရား) အသင့်အနေထား စုဖွဲ့ဆောင်ရွက်ထားရှိမှု ရှိ/မရှိတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တပ်နယ်မှူးက သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသင့်ကြိုတင် ကာကွယ် စုဖွဲ့ဆောင်ရွက်ထားရှိခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**ရှင်းသန့်ဖြူ**

# ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါင် ဇူလိုင် ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရင်းငြိမ်မြောက်ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာ၌ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းကို ယမန်နေ့က ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများက မန်ဂျန်ရှား၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း စုစုပေါင်း ပျိုးပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သုတ**

○ **လက်ရှိချန်ပီယံမှ**

အာဂျင်တီးနားအသင်းကလည်း ကမ္ဘာ့ဖလားပွဲစဉ် ၁၅ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ စံချိန်လည်း တင်နိုင်ခဲ့တာဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ဆွစ်ဇာလန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်မှာ အင်္ဂလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အင်္ဂလန်အသင်းကတော့ ကွာတာဖိုင်နယ်အဆင့်မှာ နော်ဝေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို ဘယ်လင်ဂန်တစ်ဦးတည်းက သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသို့ ....

ရတနာ၊ နန္ဒာ

**ကျားဆိုမှကျား၊ တကယ့်ကျားစစ်စစ်များကို အစာကျွေးရသည့်အတွေ့အကြုံက ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ လုံခြုံရေးအတွက် အထူးစီစဉ်ထားသည့် မော်တော်ယာဉ်ဖြင့် ဝင်ရောက်ခွင့်ရပြီး မော်တော်ယာဉ်၏ ဘေးဘက်တွင် ကျားများကို အန္တရာယ်ကင်းရှင်းစွာ အစာကျွေးနိုင်ရန် အထူးပြုလုပ်ထားသည့် အစာကျွေးပေါက်ငယ်မှတစ်ဆင့် အရိုးရှည်တပ်ကတ်ကြေးကဲ့သို့အညှပ်ဖြင့် အသားတုံးများကိုညှပ်၍ ထုတ်ပေးခဲ့ရာ ကျားကြီးများသည် အစာကျွေးသည်ကို ရင်းနှီးနေသည့်အလား လာရောက်စားသုံးကြသည်။**

ကျားများကို လှောင်အိမ်(cage)ထဲတွင်သာမထားဘဲ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်အောင် ဖန်တီးထားပြီး အချို့က မြက်ခင်းပြင်ပေါ်တွင် အေးဆေးစွာအနားယူနေကြသလို အချို့သည် တက်ကြွစွာ လှုပ်ရှားသွားလာနေကြသည်။ ကြီးမားသောခန္ဓာကိုယ်၊ ထူထဲသော အမွေးအမျှင်များနှင့် စူးရှထက်မြက်သော အာရုံခံနိုင်စွမ်းတို့က သားရဲတို့၏ ပင်ကိုဗီဇနှင့် လျှင်မြန်ဖျတ်လတ်သော လှုပ်ရှားမှုများကို တွေ့မြင်ခွင့်ရရှိခဲ့သည်။

အချို့က ယာဉ်အနီးသို့ စူးစမ်းသည့်အမူအရာနှင့် လာရောက်ကြည့်ရှုပြီး အစာစားရမည်ကို စိတ်မဝင်စားသည့်အလား လှည့်ထွက်သွားသည်။ သို့သော် ထက်မြက်သည့်မျက်လုံးအစုံ၊ ကျားတစ်ကောင်၏ ခန့်ထည်မှု၊ အားမာန်နှင့် အရှိန်အဝါကို အံ့ဩဖွယ်ခံစားရသည်။

**သဘာဝတရားကြီးနှင့် ဆက်သွယ်ထိတွေ့ခွင့်ရ**

ပြီးခဲ့သည့် မေလက တရုတ်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့ လေ့လာရေးခရီးစဉ်တွင် စတုရန်းမီတာ ၁ ဒသမ ၄၄ သန်း ကျယ်ဝန်းသည့် ကမ္ဘာ့အကြီးဆုံး ဆိုက်ဘေးရီးယားကျား ထိန်းသိမ်းမွေးမြူရေးစခန်း (Siberian Tiger Park) ကို လေ့လာလည်ပတ်ခွင့်ရခဲ့ပြီး ခေတ်မီတိုးတက်နေသည့် မြို့ပြနှင့်အဆက်အသွယ်ဖြတ်ပြီး သဘာဝတရားကြီးနှင့် ဆက်သွယ်ထိတွေ့ခွင့်ရခဲ့သည်။

Tiger Park သို့ ရောက်ရှိစဉ် ပထမဆုံးခံစားရသည်မှာ တိရစ္ဆာန်ဥယျာဉ်တစ်ခုကို လည်ပတ်ရသည့် ခံစားချက်မျိုးမဟုတ်။ ကျယ်ဝန်းပြီး သဘာဝဆန်သည့် ပတ်ဝန်းကျင်နှင့် တည်ငြိမ်အေးချမ်းသည့် လေထုကို ထိတွေ့ခွင့်ရသည်။ Tiger Park တွင် အဓိကဇာတ်ကောင်များမှာ ဆိုက်ဘေးရီးယားကျားများဖြစ်သည်။

ဆိုက်ဘေးရီးယားကျား အကောင်ရေ ၁၀၀၀ ကျော်ကို အောင်မြင်စွာ မွေးမြူထိန်းသိမ်းထားပြီး ကျားဖြူ၊ နှင်းကျား၊ အာဖရိကခြင်္သေ့၊ ခြင်္သေ့ဖြူ၊ ဝက်ဝံ၊ လင်းစ်၊ ကျားသစ်နှင့် အနက်ရောင်ဂျာဂါတို့ကဲ့သို့ ရှားပါးသားရဲတိရစ္ဆာန်မျိုးစုံကိုလည်း ထိန်းသိမ်းပြသထားသည်။ ခြင်္သေ့ဖခင်နှင့် ကျားမိခင်တို့မှ မွေးဖွားလာသည့် (Liger) လိုင်ဂါးမျိုးစပ်သည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးသည့် တိရစ္ဆာန်မျိုးစိတ်ဖြစ်ပြီး ခြင်္သေ့၏ဦးခေါင်းပုံသဏ္ဌာန်နှင့် ကျား၏ ကိုယ်ခန္ဓာဖွဲ့စည်းပုံကို ပေါင်းစပ်ပိုင်ဆိုင်ထားသည်။

အထူးသဖြင့် ကျားပေါက်စငယ်များကို ကြည့်ရှုရသည့်အခါ သဘာဝ၏ နူးညံ့သိမ်မွေ့မှုနှင့် အနာဂတ်မျိုးဆက်များအတွက် မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ကို သတိပြုမိခဲ့သည်။ ခရီးသွားများအနေဖြင့်လည်း တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝနှင့် ရှားပါးတိရစ္ဆာန်မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်နေရာတည်းတွင် လေ့လာခွင့်ရသည့် ထူးခြားသောအတွေ့အကြုံကိုလည်း ပေးစွမ်းနိုင်သည်။

ထို့ပြင် ရွှေဝါရောင်အဆင်းရှိသည့် ကျားများနှင့် တစ်မူထူးခြားကွဲထွက်နေသည့် "Jia Jia" အမည်ရှိ အမည်းရောင်ဝက်ဝံမတစ်ကောင်ကို သတိပြုမိခဲ့သည်။ လှောင်အိမ်ရှေ့တွင် ၎င်း၏ ဓာတ်ပုံနှင့်အတူ အမည်၊ မွေးဖွားသည့်အချိန်နှင့် နေထိုင်မှုပုံစံများကို ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မွေးဖွားခဲ့ပြီး ဉာဏ်ကောင်းသည့် ဝက်ဝံတစ်ကောင်ဖြစ်ကြောင်း အခြားဝက်ဝံများအချင်းချင်း ရန်ဖြစ်နေချိန်တွင် ဝေးဝေးမှစောင့်ကြည့်လေ့ရှိပြီး တိုက်ခိုက်မှုများတွင် ပါဝင်လေ့မရှိကြောင်းလည်း ဖော်ပြထားသည်။

သာမန်အားဖြင့် တိရစ္ဆာန်တစ်ကောင်၏ မျိုးစိတ်၊ အလေးချိန်၊ နေရင်းဒေသ စသည့်အချက်အလက်များကိုသာ ဖော်ပြထားလေ့ရှိသော်လည်း Tiger Park တွင် တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ထူးခြားသည့်အပြုအမူများ၊ ဘဝဇာတ်ကြောင်း၊ အလေ့အထနှင့် စရိုက်များကို ခရီးသွားများ စိတ်ဝင်စားဖွယ်ဖော်ပြထားသည်ကလည်း ဆွဲဆောင်မှုတစ်ခုပင်ဖြစ်သည်။

ခိုင်ခံ့သည့်သံတံခါးများ၊ လုံခြုံရေးစနစ်များကို ဖြတ်ကျော်ကာ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစဉ် တောရိုင်းတိရစ္ဆာန်များ၏သဘာဝကို အနီးကပ်လေ့လာခွင့်ရသည့် အတွေ့အကြုံသည် ခရီးသွားများအတွက် စိတ်လှုပ်ရှားစရာအမှတ်တရဖြစ်စေသလို သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး၏ အရေးပါမှုကိုလည်း သတိပြုမိခဲ့သည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာမှုကို ရင်ဆိုင်နေရသည့် ယနေ့ခေတ်တွင် သဘာဝတရားကို ချစ်မြတ်နိုးတန်ဖိုးထားထိန်းသိမ်းရေးသည် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုသာမက လူသားအားလုံး၏ ဘုံတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းထိန်းသိမ်းကြသည်ကို တွေ့မြင်ရသည်။

ဆိုက်ဘေးရီးယားကျားသည် ကမ္ဘာပေါ်တွင် အရွယ်အစားအကြီးဆုံး ကျားမျိုးစိတ်ဖြစ်သော်လည်း တောရိုင်းသဘာဝတွင် အရေအတွက်လျော့နည်းလာနေသော မျိုးစိတ်တစ်ခုဖြစ်သည်။ တောပြုန်းတီးမှု၊ တရားမဝင်အမဲလိုက်မှုနှင့် သဘာဝနေရပ်များ လျော့နည်းလာမှုတို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်ကို ရင်ဆိုင်နေရသည်။

ထိုသို့သောအခြေအနေများကို တုံ့ပြန်နိုင်ရန် Harbin Siberian Tiger Park ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကျားမျိုးစိတ်များ သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းမွေးမြူခြင်း၊ မျိုးပွားစေခြင်း၊ သိပ္ပံသုတေသန၊ ပြည်သူလူထုအသိပညာပေးရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပေါင်းစပ်ဖော်ဆောင်ထားသည်။

> **“ခရီးသွားလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်ပျက်စီးစေမည့် ပုံစံမျိုး မဖြစ်သင့်ဘဲ ထိန်းသိမ်းကာကွယ်ရေးနှင့် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ သဘာဝကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးအကျိုးကျေးဇူးများသာမက သဘာဝအမွေအနှစ်များကိုပါ နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးနိုင်မည်”**

ခရီးသွားများ လာရောက်လည်ပတ်ခြင်းမှ ရရှိသည့်ဝင်ငွေကပန်းခြံ၏လည်ပတ်မှု၊ တိရစ္ဆာန်များ၏ အစာအာဟာရနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ သုတေသနလုပ်ငန်းများနှင့် ထိန်းသိမ်းရေးအစီအစဉ်များအတွက် အထောက်အကူပြုလျက်ရှိသည်။

**ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

နောက်ထပ်အားသာချက်တစ်ခုမှာ ဟာဘင်းမြို့၏ နာမည်ကျော်ခရီးသွားနေရာများဖြစ်သည့် Sun Island နှင့် Ice and Snow World တို့နှင့် နီးကပ်စွာတည်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် ထူးခြားသည့် ဆွဲဆောင်မှုတစ်ခုမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော သဘာဝတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့သည် ကမ္ဘာကျော်ရေခဲနှင့် နှင်းပွဲတော်တို့ကြောင့် လူသိများသည့် ခရီးသွားမြို့တော်တစ်ခုဖြစ်သည်။ ဟာဘင်းမြို့သို့ လာရောက်လည်ပတ်သူများက တစ်ရက်တည်းတွင် နေရာအများအပြားကို လေ့လာနိုင်သည့်အတွက် အဆင်ပြေသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ပြည်တွင်းပြည်ပခရီးသွားများအကြား ရေပန်းစားလျက်ရှိရာ နှစ်စဉ်ခရီးသွားဧည့်သည်သန်းပေါင်းများစွာ လာရောက်လည်ပတ်လေ့ရှိသည်ဟု သိရသည်။

လူသားများက မြို့ပြကို ပိုမိုကျယ်ပြန့်စေချင်သဖြင့် မြို့ကွက်ကို ချဲ့ထွင်ကြသည်။ အဆောက်အအုံများ ပိုမြင့်လာသလို လမ်းမများ ပိုမိုကျယ်လာသည်။ နည်းပညာတိုးတက်မှုနှုန်းကလည်း အံ့မခန်းဖြစ်လာသည်။ တစ်ဖက်ကလည်း တိုးတက်မှုများနောက်တွင် တဖြည်းဖြည်း ပျောက်ကွယ်လာသောအရာများကို ပြန်လည်ဆန်းစစ်သတိပြုရမည်ဖြစ်သည်။ မြို့ပြချဲ့ထွင်မှုကြောင့် စိမ်းလန်းစိုပြည်သည့် သစ်တောများပြုန်းတီးလာပြီး တောရိုင်းတိရစ္ဆာန်များ၏ နေရပ်ကျက်စားရာဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲဂေဟစနစ်တို့ ဆုံးရှုံးလာရသည်။

ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်မှုများနောက်သို့လိုက်ရင်း သဘာဝနှင့်လူသားတို့အကြား ဝေးကွာလာသည်။ လူများသည် သဘာဝတောရိုင်းတိရစ္ဆာန်များကို ဖုန်း၊ တီဗွီဖန်သားပြင်များတွင်သာ မြင်တွေ့ရသော်လည်း တကယ့်သဘာဝကို အနီးကပ်မြင်တွေ့နိုင်မှု နည်းပါးလာသည်။ ထိုသို့ လူနှင့်သဘာဝတရားအကြား ဆက်ဆံရေးကို ပြန်လည်ပေါင်းကူးဆက်နွှယ်ပေးသည်မှာ သဘာဝအရင်းအမြစ်များကိုအခြေခံသော ခရီးသွားလုပ်ငန်းဖြစ်သည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)သည် ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးကဏ္ဍသစ်တစ်ခုဖြစ်လာသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းခြင်းသည် နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းလည်းဖြစ်ကြောင်း Siberian Tiger Park က သာဓကတစ်ခုပင်ဖြစ်သည်။

**ခေတ်ရေစီးနှင့်အညီ လိုက်ပါပြောင်းလဲဖော်ဆောင်**

ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးမှုဖြစ်စဉ်များ ဆင့်ကဲတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြန်မာနိုင်ငံကလည်း ခေတ်ရေစီးနှင့်အညီ လိုက်ပါပြောင်းလဲဖော်ဆောင်နိုင်ရန် လိုအပ်လာသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ စုံလင်စွာ ခိုလှုံရာအရပ်ဒေသတစ်ခုဖြစ်သည်။ ကျား၊ ဆင် စသည်ဖြင့် သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ငှက်မျိုးစုံနှင့် သစ်ပင်သစ်တောများက သဘာဝအမွေအနှစ်များဖြစ်သလို အရိုင်းဆန်သည့် အလှတရားတို့လည်း တည်ရှိနေသည်။

တောရိုင်းတိရစ္ဆာန်များသည် လူသားတို့ကြောက်ရွံ့ဖျက်ဆီးရမည့်အရာမဟုတ်ဘဲ မျိုးဆက်များအတွက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည့် အဖိုးတန်အမွေအနှစ်များဖြစ်ကြောင်း၊ အနာဂတ်စီးပွားရေး၏ အဓိကအင်အားတစ်ခုဖြစ်လာနိုင်ကြောင်း နားလည်သဘောပေါက်ရန် လိုအပ်သည်။

သဘာဝအရင်းအမြစ်များကို မပျက်စီးစေဘဲ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစီမံထိန်းသိမ်း၍ ခရီးစဉ်ဒေသများအဖြစ် ဖော်ဆောင်နိုင်ပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေး အကျိုးအမြတ်များလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။


မြန်မာ့တောတောင်ရေမြေ ဂေဟစနစ်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းအဖြစ် ယှဉ်တွဲတည်ရှိနေရာ သဘာဝကိုထိန်းသိမ်းခြင်းက ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းပင်ဖြစ်သည်။

သို့သော် ခရီးသွားလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များကို ထိခိုက်ပျက်စီးစေမည့် ပုံစံမျိုးမဖြစ်သင့်ဘဲ ထိန်းသိမ်းကာကွယ်ရေးနှင့် ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန် လိုအပ်သည်။ သဘာဝကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ ရေရှည်တည်တံ့သော စီးပွားရေးအကျိုးကျေးဇူးများသာမက သဘာဝအမွေအနှစ်များကိုပါ နောင်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ဖွံ့ဖြိုးတိုးတက်မှုကို လက်ဆင့်ကမ်းနိုင်ရန်မှာ ယနေ့ခေတ်လူသားတို့ မလွှဲမသွေထမ်းဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ရာ အဖိုးတန်ဆုံးအမွေအနှစ်များအဖြစ် လက်ဆင့်ကမ်းမလားဆိုသည်မှာ ယနေ့မျိုးဆက်တို့ အဖြေရှာရမည့် မေးခွန်းတစ်ခုပင်ဖြစ်သည်။ ။

# ဉာဏ်ရည်တုလှိုင်းများ (၁၃)

နီဇော်သစ်




ဉာဏ်ရည်တု နည်းပညာလှိုင်းများခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာတွင် အကြမ်းဖျင်းအားဖြင့် ဉာဏ်ရည်တု နည်းပညာ၏ စွမ်းဆောင်ရည်၊ လုပ်ပိုင်ခွင့်နှင့် အကျိုးဆက်များ မြင်တွေ့ခဲ့ရပြီးပြီဖြစ်ရာ ဤနေရာမှစ၍ ကန့်သတ်ထိန်းချုပ်မှုဟုဆိုနိုင်သည့် Containment အပိုင်းကို ဆွေးနွေးရန် အချိန်ကျပြီဟု ထင်ပါသည်။ ကန့်သတ်ထိန်းချုပ်မှုဆိုသည်မှာ နည်းပညာတစ်ခုကြောင့် လူသားတို့အပေါ် မကောင်းသောအကျိုးသက်ရောက်မှုများ မဖြစ်အောင် ထိုနည်းပညာကို စောင့်ကြည့်နိုင်စွမ်း၊ ဖြတ်တောက်နိုင်စွမ်း၊ ထိန်းကျောင်းနိုင်စွမ်း၊ နောက်ဆုံးလိုအပ်လျှင် ပိတ်ချနိုင်စွမ်းကိုဆိုလိုပါသည်။

နည်းပညာတစ်ခုသည် လူသားတို့အပေါ် မကောင်းသော အကျိုးသက်ရောက်မှု နှစ်မျိုးနှစ်စားဖြစ်စေနိုင်ကြောင်း သမိုင်းတစ်လျှောက်တွင် မြင်တွေ့ခဲ့ရသည်။ တစ်ခုက မသမာသူတို့လက်ထဲရောက်သွားပြီး အလွဲသုံးခံရခြင်းမျိုးဖြစ်သည်။ ထိုအမျိုးအစားက နည်းပညာနှင့် သီးခြားသက်ဆိုင်ခြင်းမရှိဘဲ နည်းပညာကိုအသုံးချသည့် လူသားအပေါ်တွင်သာ မူတည်သည်။ ထို့ကြောင့် ခဏဖယ်ထားပါမည်။ နောက်တစ်မျိုးက နည်းပညာကို တီထွင်ဖန်တီးသူများ ကိုယ်တိုင်တားဆီးနိုင်စွမ်း မရှိသော နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သည်။ အက်တမ်များထဲမှ ထွက်ပေါ်လာနိုင်သည့် အံ့မခန်းစွမ်းအင်များအကြောင်း လေ့လာအတည်ပြုခဲ့ကြသည့် သိပ္ပံပညာရှင်တို့သည် နျူကလီးယားဗုံးမလုပ်ကြအောင် တားဆီးနိုင်စွမ်းမရှိသည်မှာ ဟင်နရီဖို့ဒ်က ကားတိုက်မှုများမဖြစ်အောင် တားဆီးနိုင်စွမ်းမရှိသည်နှင့်အတူတူပင်ဖြစ်သည်။ အေအိုင်ဂုရုကြီးတစ်ယောက်ဖြစ်သည့် လက်ရှိမိုက်ခရိုဆော့ဖ် အေအိုင်စီအီးအို မူစတာ ဖာ ဆူလီမန်က “နည်းပညာ၏ ရှောင်လွှဲမရနိုင်သော စိန်ခေါ်မှုမှာ ဖန်တီးထားသူများက သူတို့၏တီထွင်မှုများကို ကမ္ဘာသို့ချပြလိုက်သည်နှင့် ထိုတီထွင်မှုများ သွားရာလမ်းကြောင်းတစ်လျှောက် သူတို့၏ ကန့်သတ်ထိန်းချုပ်နိုင်စွမ်း ခပ်မြန်မြန် ပျောက်ဆုံးသွားခြင်းဖြစ်သည်”ဟု သူ၏ နောက်လာမည့် လှိုင်းစာအုပ်ထဲတွင် ရေးထားသည်။

နည်းပညာတစ်ခုသည် စစချင်းတွင် လက်ခံခြင်း၊ ငြင်းပယ်ခြင်း ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ရတတ်သည်။ စက်မှုတော်လှန်ရေး ခေတ်ဦးပိုင်းတွင် ထိုလက်တွေ့ဖြစ်စဉ်တို့ကို ကျွန်တော်တို့ အများကြီး မြင်ခဲ့ကြရပြီးပြီ။ များသောအားဖြင့် ငြင်းပယ်သူတို့ ရှုံးနိမ့်ရတတ်သည်။ နောက်တစ်ဆင့်တွင် အများလက်ခံလာသော ထိုနည်းပညာလှိုင်းသည် တစ်ဟုန်ထိုးပျံ့နှံ့သည်။ ထိုပျံ့နှံ့မှုမျိုးကို ထိန်းချုပ်၍ မရကြောင်းလည်း ကျွန်တော်တို့ တွေ့ခဲ့သည်။ ခြွင်းချက်အားဖြင့် နျူကလီးယားနည်းပညာသာ ရှိသည်။ ထိုသို့ပျံ့နှံ့ပြီးချိန်တွင် နည်းပညာကို အတိုင်းအတာအလျောက် အသုံးချနိုင်သူ၊ ပိုင်ဆိုင်နိုင်သူတို့လက်ထဲသို့ ပါဝါပြန်လည်ဖြန့်ဝေရောက်ရှိသည်။ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် အသုံးချနိုင်သူ၊ ပိုင်ဆိုင်နိုင်သူသည် လူကောင်းလူဆိုး ခွဲခြားခြင်းမရှိ။ မသမာသူတို့ လက်ထဲမှ နည်းပညာသည် လူ့အဖွဲ့အစည်းကို ထိခိုက်စေသည်။ သမိုင်းတစ်လျှောက် တကယ်လည်းထိခိုက်မှုများ ရှိခဲ့သည်။ ဆိုလိုသည်မှာ ကျွန်တော်တို့သည် နည်းပညာ၏ ကောင်းကျိုးဆိုးပြစ်တို့နှင့် အတူယှဉ်တွဲနေထိုင်ပြီး ဖွံ့ဖြိုးတိုးတက်အောင် အဆက်မပြတ်ကြိုးစားနေသော မျိုးစိတ်တစ်ခုဖြစ်သည်။

ဤနေရာအထိ ရောက်လာပြီဆိုလျှင် နည်းပညာသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဥပဒေပြုခြင်းတို့နှင့် ထွေးရောယှက်တင်ဖြစ်လာသည်။ ထို့ကြောင့် ထိန်းချုပ်ရန်ကြိုးစားရာတွင်လည်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ ထိန်းချုပ်ရန်ကြိုးစားခြင်း၊ ယဉ်ကျေးမှုအလိုက် ထိန်းချုပ်ရန်ကြိုးစားခြင်း၊ ဥပဒေများဖြင့် ထိန်းချုပ်ရန်ကြိုးစားခြင်းတို့ ပါဝင်လာသည်။ ထိုသို့ပါဝင်ရာတွင် အချို့သည် လိုက်လျောညီထွေမှုရှိသကဲ့သို့ အချို့မှာ ဝိရောဓိများ ထွက်ပေါ်လာစေတတ်သည်။ ထိုအချက်ကလည်း နည်းပညာတစ်ရပ်အား ကန့်သတ်ထိန်းချုပ်နိုင်စွမ်းအပေါ် သက်ရောက်မှုရှိသည်။

အေအိုင်နည်းပညာနှင့်လည်း ကျွန်တော်တို့ ထိုအတိုင်း ရင်ဆိုင်နေရသည်။ အေအိုင်နည်းပညာ၏ လူသားတို့အပေါ် သက်ရောက်မှုသည် နည်းပညာ၏ စွမ်းဆောင်ရည်ထက် နည်းပညာကို လုပ်ပိုင်ခွင့် ဘယ်လောက်ပေးထားသလဲဆိုသည်က ပိုအရေးကြီးကြောင်း ရှေ့ကပြောခဲ့သည်။ သို့သော် ရှေ့အပတ်များ ကတင်ပြခဲ့သည့် လီခိုင်ဖု၏ ဇာတ်လမ်း ၁၀ ပုဒ်ထဲမှ အကျိုးတရားတို့ကိုကြည့်လျှင် ထိုသဘောတရား နှစ်ခုကြားမှ နံရံသည် ပါးလွှာသည်ထက် ပါးလွှာလာသည်ကို တွေ့နိုင်သည်။ ထိုဇာတ်လမ်းများထဲတွင် အေအိုင်နည်းပညာကို လူသားတို့အတွက် အကျိုးပြုနိုင်စွမ်း အရှိဆုံးဖြစ်အောင် ရေးဆွဲထားပြီး လူသားတို့ကို ကူညီစေခဲ့သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ လူသားတို့၏ဘဝနေထိုင်မှုပုံစံကို ဝင်ရောက်နှောင့်ယှက်သလို ဖြစ်လာသည်။ ယင်းမှာ အေအိုင်ကို လုပ်ပိုင်ခွင့် ပိုပေးလိုက်ခြင်းကြောင့်မဟုတ်။ လုပ်ပိုင်ခွင့်က အရင်အတိုင်းသာ။ သို့သော် အေအိုင်၏ လူသားတို့အတွက် အကောင်းဆုံးဖြစ်နိုင်သည့် ရွေးချယ်မှုနှင့် လူသားတို့ လက်တွေ့လိုအပ်နေသည့် အရာတို့ ကွာခြားသွားခြင်းဖြစ်သည်။

လက်ရှိအနေအထားတွင် အေအိုင်သည် ဟောလီးဝုဒ် ဇာတ်လမ်းများကြည့်ပြီး အများသူငါ ထိတ်လန့်စိုးရွံ့ကြသော လူသားတို့ကို အန္တရာယ်ပေးနိုင်သည့် စွမ်းဆောင်ရည်မျိုး၊ လုပ်ပိုင်ခွင့်မျိုးနှင့် နည်းနည်းလေးမျှ မနီးစပ်သေး။ ဆိုလိုသည်မှာ အေဂျီအိုင် ကနဦးအဆင့်မှာသာ ရှိသေးသည်။ သို့သော် နေ့စဉ်ဘဝများထဲ၌ အေအိုင်၏ ဝင်ရောက်စွက်ဖက်မှုမှာ တော်တော်လေးကြီးမားလာသည်ကို စာဖတ်သူတို့ကိုယ်တိုင်လည်း ကြုံတွေ့ခံစားနေရမည်မှာ သေချာသည်။ နောက်တစ်ချက်က အေအိုင်လှိုင်းသည် လက်ရှိအဆင့်မှာပင် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ပြီးသား ဖြစ်နေခြင်းပင်။ သမိုင်းတစ်လျှောက် ပြန်ကြည့်လျှင် နည်းပညာတစ်ခုသည် ထိုမျှလောက် မြန်မြန်ဆန်ဆန် ပျံ့နှံ့သွားခြင်းမျိုး တွေ့ရမည်မဟုတ်။ အထူးသဖြင့် ကနဦး ဖြစ်တည်စ အနေအထားမျိုးတွင် ထိုသို့ပျံ့နှံ့ခြင်းမှာ မရှိစကောင်း။ သို့သော် လက်တွေ့ကမ္ဘာသည် ထိုအတိုင်းဖြစ်နေသည်။

နောက်ထပ်အားသာချက်မှာ အေအိုင်သည် အသုံးပြုသူ၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှု အမျိုးမျိုးကိုလိုက်၍ ဆန်းသစ်တီထွင်မှုများ လုပ်နိုင်အောင် အားပေးနိုင်စွမ်းရှိခြင်းဖြစ်သည်။ လူတိုင်းလူတိုင်းကလည်း ထိုအားသာချက်ကို အသုံးချနေကြသည်။ ချတ်ဂျီပီတီ၊ ဂျမနိုင်း၊ ကိုပိုင်းလော့တို့မှသည် သက်ဆိုင်ရာကဏ္ဍအလိုက် အေအိုင်များကို လူအမျိုးမျိုးက ကိုယ်နှစ်သက်သည့် ပုံစံအမျိုးမျိုးဖြင့် အသုံးချနေကြသည်မှာ လက်တွေ့ကမ္ဘာဖြစ်သည်။ အဆင်လည်းပြေနေကြသည်။ ဘာကြောင့်ပြေလဲဆိုလျှင် နောက်ဆုံး ဆုံးဖြတ်ချက်များကို လူသားကချမှတ်နေသေးသည့် အနေအထားတွင် ရှိနေသေး၍ပင်။ သို့သော် အနာဂတ်ကို မေ့ထား၍မရ။

လီခိုင်ဖု၏ ၂၀၄၁၊ မူစတာ ဖာ ဆူလီမန်၏ နောက်လာမည့်လှိုင်း၊ ရေး ကာ့ဇ်ဝီးလ်၏ အမှတ်ထူးပိုနီးလာပြီတို့လို စာအုပ်များက အေအိုင်၏ အနာဂတ်ကို တတ်နိုင်သမျှ ခန့်မှန်းပြီး ပြောနေကြရသည်မှာ containment ဆိုသည့် ကန့်သတ်ထိန်းချုပ်မှုအတွက် အဓိကရည်ရွယ်ကြခြင်းဖြစ်သည်။ ဟောလီးဝုဒ် သိပ္ပံစိတ်ကူးယဉ်ဇာတ်လမ်းများက လူကြိုက်များအောင် အလွန်အကျွံများ ထည့်သွင်းရိုက်ကူးပြသကြသည်။ သို့သော် ထိုဇာတ်ကားများ၊ ဝတ္ထုများကိုလည်း ပစ်ထား၍မရ။ သူတို့ကလည်း အနာဂတ်နည်းပညာ ကန့်သတ်ထိန်းချုပ်မှုအတွက် ဖြစ်နိုင်ခြေများကို တင်ပြနေကြခြင်းဟု မြင်နိုင်သည်။ အားသာချက်က ကျွန်တော် ရှေ့ကပြောခဲ့သော စာအုပ်များကို ဖတ်ဖူးသူများထက်၊ သိပ္ပံရုပ်ရှင်များကို ကြည့်ဖူးသူက ပိုများခြင်းဖြစ်သည်။ ရုပ်ရှင်၊ ဝတ္ထုတို့က ပညာရှင်တို့၏ သုံးသပ်ချက်များထက် လူထုထဲသို့ ပိုရောက်သည်။ ထို့ကြောင့်လည်း လီခိုင်ဖုက ဝတ္ထု ၁၀ ပုဒ်ဖြင့် သူ့စိတ်ကူးများကို တင်ပြခဲ့ခြင်းဖြစ်ပုံရသည်။

ဤအပိုင်းတွင် ကျွန်တော်ပြောလိုသည်မှာ အေအိုင်နည်းပညာကို ကန့်သတ်ထိန်းချုပ်နိုင်ရန် ကြိုးစားခြင်းသည် နည်းပညာသက်သက်ကို ထိန်းချုပ်ခြင်းမျိုးမဟုတ်။ နည်းပညာကို သူ့အဆင့်နှင့်သူ အသုံးချနေသူများ၊ ပိုင်ဆိုင်ထားသူများကို ဘယ်လိုထိန်းကျောင်းရမလဲဆိုသည့် အချက်က ပိုအရေးကြီးသည်။ တစ်နည်းအားဖြင့် နည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှုသည် လူများများလက်ထဲသို့ ရောက်နေရန်လိုသည်။ ထိုသို့ဖြစ်နိုင်ရန် နည်းပညာနှင့်ပတ်သက်၍ သိမြင်နားလည်သူ ပိုများလာရန်လိုသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် စာများများ ဖတ်ရန် ပိုလိုလာသည်။ အေအိုင်ကို လက်ပွန်းတတီးဖြစ်အောင် သုံးနေဖို့ ပိုလိုလာသည်။ ကိုယ့်ဘဝနေထိုင်မှုပုံစံကို အေအိုင်နှင့် အေအိုင်ကို ပိုင်ဆိုင်သူများက များများစားစား ဝင်ရောက်စွက်ဖက်ခြင်းမျိုး မခံရဘဲ အေအိုင်နှင့်ပတ်သက်၍ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သူများဖြစ်အောင် အားထုတ်ရန်ပိုလိုလာသည်။ ယင်းမှာ အေအိုင်နှင့် အတူတကွ ယှဉ်တွဲနေထိုင်ခြင်းတွင် ဖြစ်လာနိုင်သည့် ပုံစံမျိုးပင်ဖြစ်သည်။

## ဥရောပတွင် လွန်ခဲ့သည့် နှစ်ပေါင်းလေးသောင်းခန့်ကမှ နီယန်ဒါသယ်တို့ ကွယ်ပျောက်ခဲ့ခြင်းဖြစ်

လူသားမျိုးစိတ်တစ်ခုဖြစ်သော ဟိုမိုနီယန်ဒါသယ် အများစုသည် လွန်ခဲ့သော နှစ်ပေါင်းခုနစ်သောင်းခွဲခန့်ကတည်းက ကွယ်ပျောက်ခဲ့ကြသော်လည်း ဥရောပတွင် အုပ်စုတစ်စု ဆက်လက်ရှင်သန်ကျန်ရစ်ပြီး လွန်ခဲ့သော နှစ်ပေါင်းလေးသောင်းခန့်ကမှ ကွယ်ပျောက်သွားခဲ့ကြသည်ဟု လေ့လာမှုအသစ်တစ်ခုက တွေ့ရှိခဲ့သည်။

ဂျာမနီနိုင်ငံ တူဘင်အန်းတက္ကသိုလ် လူသားဆင့်ကဲဖြစ်စဉ်နှင့် ကျောက်လွှာလေ့လာရေးဌာနမှ အပြည်ပြည်ဆိုင်ရာ သုတေသီအဖွဲ့တစ်ဖွဲ့က လွန်ခဲ့သော နှစ်ပေါင်းလေးသောင်းခန့်အထိ ဆက်လက်ရှင်သန်နေထိုင်ခဲ့ကြသည့် နီယန်ဒါသယ်တို့၏လမ်းကြောင်းကို လိုက်လံသုတေသနလုပ်ခဲ့ပြီး တွေ့ရှိမှုအသစ်ကို ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

သုတေသနကိုဦးဆောင်သူ ပါမောက္ခ ကော့စမီကို ပို့သ်က “နီယန်ဒါသယ်တွေဟာ ဥရောပမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးသိန်းကနေ လေးသောင်းအထိ နေထိုင်ခဲ့ကြတဲ့ သက်သေအထောက်အထားတွေ တွေ့ရှိထားပါတယ်။ ဒါပေမဲ့ ဘယ်လို ဆင့်ကဲဖြစ်စဉ်က သူတို့ကို မျိုးသုဉ်းတဲ့အထိ ဖြစ်သွားစေတာလဲဆိုတာကိုတော့ ကျွန်တော်တို့ ဘာမှမသိရသေးပါဘူး”ဟု ဆိုသည်။ ယခု လေ့လာမှုအရ လွန်ခဲ့သော နှစ်ပေါင်း လေးသောင်းခွဲခန့်တွင် ဥရောပလက်ကျန် နီယန်ဒါသယ် အရေအတွက် သိသိသာ စတင်ကျဆင်းလာခဲ့သည်ဟုလည်းဆိုသည်။

လေ့လာမှုအတွက် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီနှင့် ဆားဘီးယားတို့ရှိ ရှေးဟောင်းသုတေသန တူးဖော်မှုခြောက်ခုမှရရှိလာသော ရုပ်ကြွင်းများကိုသုံးခဲ့ကြပြီး မလေ့လာရသေးသော ရုပ်ကြွင်း ၁၀ ခုကို လေ့လာပြီးသား ရုပ်ကြွင်း ၄၉ ခုနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ကြသည်။ ROAD ဟု အမည်ပေးထားသည့် ကျောက်ဖြစ်ရုပ်ကြွင်း အချက်အလက်ဘဏ်ကလည်း များစွာအကူအညီဖြစ်စေခဲ့သည်ဟု သုတေသီတို့ကဆိုသည်။

ထိုစုပေါင်းအချက်အလက်များအရ လွန်ခဲ့သောနှစ်ပေါင်း ခုနစ်သောင်းခွဲခန့်က ဖြစ်တည်ခဲ့သည့် ရေခဲခေတ်ရာသီဥတုအခြေအနေသည် နီယန်ဒါသယ်တို့ကို ပြင်းပြင်းထန်ထန် ထိခိုက်စေခဲ့ပြီး ဥရောပ တောင်ပိုင်းသို့ ပြောင်းရွှေ့လာစေခဲ့သည်ဟု ပြနေသည်။ သို့သော် အများစုမှာ ကွယ်ပျောက်သွားခဲ့ပြီး ပြင်သစ်တောင်ပိုင်းမှ နီယန်ဒါသယ်တစ်ဖွဲ့မှာ လွန်ခဲ့သော နှစ်ပေါင်း ခြောက်သောင်းခွဲခန့်တွင် လူဦးရေ ပြန်လည်မြင့်တက်လာခဲ့သည်။ ထို့နောက် လွန်ခဲ့သော နှစ်ပေါင်း လေးသောင်းခွဲခန့်တွင် လူဦးရေပြန်လည်ကျဆင်းသွားပြီး နှစ်ပေါင်း လေးသောင်းခန့်တွင် ကွယ်ပျောက်သွားကြခြင်းဖြစ်သည်ဟုဆိုသည်။



Ref: scitechdaily

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**

လက်ကိုင်ဖုန်းအမျိုးမျိုး  ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး 

အလံအမျိုးမျိုး  ဗီနိုင်းစအမျိုးမျိုး 

လက်ကိုင်အိတ်အမျိုးမျိုး  ပုလင်း/ဘူးအမျိုးမျိုး 

ကင်မရာအမျိုးမျိုး  အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ 

မီးခြစ်အမျိုးမျိုး  ဘောလ်ပင်အမျိုးမျိုး 

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အမည်မှန်

(သပြေနန်း) ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြောက်ဥက္ကလာမြို့နယ်၊ Grade-11 မှ (ဘ) ဦးကြည်ဝင်း၏ သား မောင်မျိုးမြတ်ခိုင် ၏ အမည်မှန်မှာ မောင်မျိုးမြင့်ခိုင် ဖြစ်ပါသည်။

**မောင်မျိုးမြင့်ခိုင်**

## အမည်ပြောင်း

(ဘ) ဦးရဲနိုင် ၏ သမီးဖြစ်သူ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နေ မမေသန္တာနိုင်အား ကျင်မင်မင် ဟုပြောင်းလဲခေါ်ဆိုပါရန်။

**ကျင်မင်မင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၃၊ မြေကွက်အမှတ်-၁၇၆၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးဇော်မင်းကျော်[၁၂/ဥကတ(နိုင်)၀၄၉၅၃၈]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးဇော်မင်းအောင်[၉/ညဥန(နိုင်)၁၂၈၆၃၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ(သို့မဟုတ်)ရောင်းချသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက် လိုသူမည်သူမဆိုသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို တရားဝင်အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာအောင် (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၃)**
**အမှတ်-၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၁၃၀၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုဇာတာ(၁၂)လမ်း၊ မြေကွက်အမှတ်(၇၇၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ ဦးညွန့်စီ(BT-၀၀၂၁၉၄)အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း မြေကွက်ထဲမှ အကျယ်အဝန်း(၂၅ပေx ၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်အရပ်တို့ကိုအရောင်းအဝယ် အဆက်ဆက်ကတိစာချုပ်များဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်စန္ဒာကျော်[၁၂/အလန(နိုင်)၀၃၇၃၃၀]က ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လဲ့လဲ့ဝင်း[၁၃/တကန(နိုင်)၂၄၈၆၀၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂-၇-၂၀၂၆)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သွယ်သွယ်စိုး** | **ဒေါ်ကြည်ကြည်စမ်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၂၂)** |

**အမှတ်(၉/၁၁)၊ အခန်းအမှတ်-၀၀၄(မြေညီ)၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၅၃၀၄၂၀၂၊ ၀၉-၄၂၀၂၃၅၆၆၈၊ ၀၉-၇၉၉၅၈၇၄၃၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်အမှတ်(၁၀၆)၊ ၆၄x၆၅လမ်းကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အားအမည်ပေါက်သူ ခင်ပွန်း ဦးကျော်မြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ညိုညိုထွန်း[၉/မရတ(နိုင်)၀၉၂၄၃၇]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က၊ တိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၃၄)ခဲစင်း၊ နန်းဦးလမ်းပေါ်၊ မှန်တန်းဂုဏ်ရည်လမ်းသွယ်(၄)နှင့် သီရိသစ္စာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခမ်းမူ [၁၂/မရက(နိုင်)၀၅၄၅၃၉]ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးပိုင်စိုးသူ[၅/ထခန(နိုင်)၁၀၇၃၉၂]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၁၇၀-က)၊ ခေတ္တာလမ်းပေါ်၊ သနပ်ခါးလမ်းနှင့် ဂန္ဓမာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဇော်[၉/မရတ(နိုင်)၀၀၇၀၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၁၂-ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ မြေတိုင်းအမှတ်-သကမ(၁၀)၊ မြေကွက်အမှတ်(၁၈/ခ)၊ မြေချပါမစ်မူရင်း မောင်သောင်းဌေး (ဘ)ဦးညွန့် (ISN-၅၉၅၄၆၀)အမည်ပေါက်ဖြစ်ပြီး ဦးခင်အောင်[၈/နမန(နိုင်)၁၀၉၈၀၁]ဆိုသူမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် အကျယ်အဝန်း(၂၀x၆၀)ပေ အိမ်ခြံမြေနှင့်ယင်းမြေပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ကြည်၊ ဦးဝင်းအောင်ဆိုသူတို့မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်ကြည်၊ ဦးဝင်းအောင်တို့၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဗိုလ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁၄၅)ရပ်ကွက်၊ အကွက်အမှတ်(၁၃၈)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်မူရင်းပိုင်ရှင် ဦးတင်လှိုင်(ဘ) ဦးဆင့်(Q/RGN- 008969)မြေကွက်နှင့် အမှတ်(၁၄၅)ရပ်ကွက်၊ အကွက်အမှတ်(၁၈၃)၊ မြေကွက်အကျယ် အဝန်း(၄၀x၆၀)ပေရှိ မြေကွက်မူရင်းပိုင်ရှင် ဦးဝင်းလှိုင် (ဘ)ဦးရွှေ(B/REN-019733) ဤမြေကွက်နှစ်ကွက်ကို တစ်ဆင့်ဝယ်ယူထားသူ ဒေါ်စန္ဒာအောင်[၁၂/ဗတထ(နိုင်) ၀၀၁၆၄၇]ပိုင်ရှင်ထံမှ အကျိုးခံစားခွင့်ပိုင်ဆိုင်မှုကို ဦးခင်ဇော်[၁၀/မလမ(နိုင်)၁၈၀၆၁၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ဝက်တိတိအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၉)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်တော့်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်ဇော်**
**ဖုန်း-၀၉-၅၁၅၉၄၈၆၊ ၀၉-၇၇၇၆၀၅၄၅၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၁၃)၊ ၅-လွှာ(ခြေရင်း) တိုက်မျက်နှာမူလျှင် (ယာ)တိုက်ခန်း အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို ကန်ထရိုက်တာထံမှ ဦးဝေလင်းထက်[၁၄/ပသန(နိုင်)၁၇၂၈၅၇]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးဝေလင်းထက်ထံမှ ဒေါ်ခိုင်မာကျော်[၁၂/တမန(နိုင်)၀၆၈၅၆၃]က (၂၅-၁-၂၀၀၅)ရက်နေ့တွင် တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်းနှင့် မူလစာချုပ်ဖြစ်သော ဦးဝေလင်းထက် ဝယ်ယူထားသည့် စာချုပ်မူရင်းမှာ ပျောက်ဆုံးလျက်ရှိပါကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူထံသို့ ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း၏ ပိုင်ဆိုင်မှု ရောင်းချခြင်းနှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09-5017044, 09-250674940**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၇၄)ခဲစင်း၊ ၆၇x၆၈ ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ဦးအုန်းမောင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၃၀/၂၀၂၂)ဖြင့်အမွေဆက်ခံခဲ့သော သမီးဖြစ်သူဒေါ်ကြူကြူသန်း[၉/မနမ(နိုင်)၁၀၄၀၆၂]၏ (GPရရှိသူ ဦးထက်မြတ်ဦး)ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၈၀၇/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၅)၊ ဦးပိုင်အမှတ်(၂၅)၊ ၅၃x၅၄ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော တပ်သားအေးငြိမ်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၅၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးဟန်ဇော်ထွန်း[၅/မရန(နိုင်)၁၄၂၁၉၉]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၇၈၉/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(ဏ/၁၄)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ မြေကွက်အမှတ်(၁၀၇၆-က)၊ အကျယ်ပေ(၂၀x၆၀)ရှိသော အိမ်ခြံမြေအား တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခိုင်အိမွန်[၁၂/ရပသ(နိုင်)၀၈၃၆၆၂]ကိုင်ဆောင်သူထံမှ ဦးစိုးကြီးအမည်ပေါက်မြေချပါမစ်မူရင်းနှင့်အတူ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်၏မိတ်ဆွေဦးဝင်းမြ[၇/သနပ(နိုင်)၀၉၆၉၂၆]ကိုင်ဆောင်သူမှအပြီးအပိုင် ဝယ်ယူနိုင်ရန်အတွက် အိမ်ခြံမြေတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကိုပေးချေမှုပြုပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက တရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့ နေ(စဉ်-၁၂၇၀၈)**
**အမှတ်(၆၅၅/ခ)၊ မဟာမြိုင်လမ်း၊ (၉/၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၆၆၈၁၅**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၃-ရပ်ကွက်၊ သုခလမ်း၊ အမှတ်-၇၇၄/က ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၇၇၄/က၊ အကျယ်( ၂၀/၁၉ ပေ x ၆၀ပေ)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် **ဦးတင်မောင်ဆွေ(CF-၁၄၁၂၂၅)**ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ **ဦးကျော်ဇင်ဦး[၁၂/ဥကတ(နိုင်)၁၆၃၁၆၆]**မှ မိမိတစ်ဦးပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေသီဖြိုးကျော် (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၈)**
**အမှတ်-၇၅၁(ပ-ထပ်)၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း-၀၉-၄၂၄၁၆၈၉၈၉**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁-ရပ်ကွက်၊ ရေဝတီလမ်း၊ အမှတ်-၅၆၅ ဟု ခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

